# နိဒါန်း

အကယ်၍သင်သည် ဤစာအုပ်ကို ကောက်ယူခဲ့လိုက်သည်ဆိုပါက၊ သင်သည် သင်နှင့် ဘုရားသခင်ကြားရှိ ပေါင်းသင်းဆက်ဆံမှုကို အလေးထား ဂရုစိုက်ပြီး ယခုထက်ပိုမိုပြီး တိုးတက် စေလိုသောသူဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ သင်သည် ဘုရားသခင်ကို စစ်မှန် သောအချစ်နှင့်ချစ်ပြီး ခံစားရသော ကောင်းကြီးများအတွက် ကျေးဇူးသိတတ်သော သူဖြစ်သည်။ သင်သည် ယေရှုခရစ်တော်၏ နောက်တော်လိုက်၍ အစေခံသောသူဖြစ်သည်။ ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ရန် အမှန်တကယ် စိတ်ဆန္ဒရှိသည်။ သို့သော်လည်း၊ တစ်ချိန်တည်းမှာပင် သင့်မှာ အခက်များရှိနေပြီး ဘုရားသခင်နှင့်သင်၏ကြားရှိ ပေါင်းသင်းဆက်သွယ်မှုကို ပိုမို၍ လိုလားတောင်းတနေသည်။

သင်သည် ခရစ်တော်၏ နောက်လိုက် တစ်ယောက်အဖြစ် ပြေးလမ်းမှန် ပေါ်တွင် ရှိနေမှုအတွက် အာမခံစိတ်ချမှုကို ပြန်လည် တမ်းတကောင်း တမ်းတနေမည်။ သင်၏ ဝိညာဉ်ခရီးအတွက် အကူအညီဖြစ်စေမည့် လမ်းညွှန်ချက် သို့မဟုတ် လန်းဆန်းသည့် အတွေး အချို့တို့ကို မျှော်လင့်ကောင်း မျှော်လင့်နေမည်။ ဘုရားသခင်သည် သင့်အား ပိုမိုနက်ရှိုင်းသောအရပ် ခွန်အားနှင့် ပြည့်ဝသည့် ဝိညာဉ်အသက်တာ သို့မဟုတ် ဘုရားသခင်အတွက် အထူးလုပ်ဆောင်မှု လုပ်ဆောင်ရန်ခေါ် နေသောအရာကိုလည်း တွေ့ထိခံစားကောင်း ခံစားနေရလိမ့်မည်။ သို့သော် တစ်စုံတစ်ခုက သင့်လမ်းခရီးကို တားဆီးနေသည်။ တစ် ခုခုကသင့်ကို ပိတ်ဆို့ထားသည်။ သင်၏ စွမ်းဆောင်နိုင်မှုတစ်ရပ်ကို ရှေ့တိုး၍ မရအောင် နှောက်ယှက်နေသည်၊ သို့မဟုတ် အနောက်ပြန် ဆွဲချနေသည်။

ဘုရားသခင်နှင့် နီးကပ်စွာ အသက်ရှင်နေထိုင်ရန်အတွက် တိုက်ခိုက်တွန်းလှန်မှုကို ခံစား နေခြင်းလည်း ဖြစ်နိုင်သည်။ ဘုရားသခင်၏ အသံတော်ကို ပို၍ကောင်းမွန်စွာ ကြားချင်နေပါလိမ့်မည်။ သို့သော်လည်း အကယ်၍ သင်သည်ဘုရားသခင်ကို သေချာစွာ နားထောင်နေလျှင် သင့်ကိုအဘယ်အရာ ပြောလာမည်ကို စိုးရိမ်နေသည်လည်း ဖြစ်နိုင်သည်။ သို့ မဟုတ် လွန်ခဲ့သည့် အချိန်က ရှုံးနိမ့်မှု သို့မဟုတ် အထမမြောက်ခဲ့သည့် အတွေ့အကြုံများကြောင့် စိတ်ဓါတ်ကျနေသည်လည်း ဖြစ်နိုင်သည်။ သင့်ကိုယ်သင် မပြည့်စုံဘူးဟု ခံစားနေရသောကြောင့် သင်လုပ်ဆောင်နိုင်မည်ဟု မထင်သောအရာကို ကြားနာဖို့ရန် တွန့်ဆုတ် နေသည်လည်း ဖြစ်နိုင်သည်။ သင်သည် သင်တတ်သိကျွမ်းကျင်ပြီး စီမံခန့်ခွဲနိုင်သည့် အောင်မြင်သော ဘဝ၌သာ အချိန်များကုန်ဆုံးနေခြင်းကြောင့် ဘုရားကို သင့်အား စကားပြောဖို့ အချိန်မပေး နိုင်ခြင်းလည်း ဖြစ်နိုင်သည်။ သင့်ဘဝအတွက် ဘုရားသခင်၏ အလို တော်နှင့် ဆန့်ကျင်သည့် အရာကို မစွန့်လွှတ်နိုင်ဘဲ စွဲလန်းနေသေးသောကြောင့် တွန်းလှန် တိုက်ခိုက်ခံရ သကဲ့သို့ ခံစားကောင်း ခံစားနေရလိမ့်မည်။

မည်သို့ပင်ဖြစ်ပါစေ အကယ်၍ သင်နှင့်ဘုရားသခင်ကြားရှိ ပေါင်းသင်းဆက်ဆံမှုနှင့် ပတ်သက်ပြီး ဟန့်တားခံရခြင်း သို့မဟုတ် စိတ်ဓါတ်ကျခြင်းမျိုးကို ခံစားနေရမည် ဆို

ပါက အနာဂတ်သည် သင်ထင်ထားသည်ထက် သာ၍ကောင်းပါမည်။ တကယ်တော့ သင်ရုန်းကန် လှုပ်ရှားနေရခြင်းမှာ ဘုရားသခင်က သင်အရေးထားသော နက်ရှိုင်းသည့် ပေါင်းသင်း ဆက်ဆံမှု အတွက် တက်ကြွစွာဖြင့် ဆွဲခေါ်နေပြီ ဆိုသည့်အရာကို ဖေါ်ပြနေခြင်းသာဖြစ်သည်။ သင့်ထဲတွင် စိတ်ကျေနပ်မှုမရှိခြင်း ပိုမိုကြီးထွားလာခြင်းသည် သင်အပြောင်း အလဲအတွက် အဆင့်သင့်ဖြစ်နေပြီ ဆိုသည့်အရာကို အချက်ပြနေခြင်းဖြစ်သည်။ အကယ်၍ သင်ထဲ၌ ထိုသို့သော ခံစားချက်မရှိခဲ့ဘူးဆိုလျှင် သင်သည် သင်၏ အကန့်အသတ်များ ကိုမသိခြင်းကြောင့် သင့်ဝိညာဉ်ရေးရာသည် မည်သည့်နေရာတွင် ရှိနေသည် ဆိုသည်ကို မသိသောကြောင့် ရုန်းကန်လှုပ်ရှား နေရခြင်းမျိုးလည်း ရှိမည်မဟုတ်ပါ။ အမှန်မှာ သင်သည် ဤစာအုပ်ကို ဖတ်ရှုနေသည်ကို ကြည့်ခြင်းအားဖြင့် သင်သည် ဘုရားသခင်ဘက်သို့ ရွေ့ကလျားနေပြီ သို့မဟုတ် အသစ်သော နည်းလမ်း တစ်ခုခုဖြင့် သင့်ကို ဘုရားသခင်ဘက်သို့ ဆွဲခေါ်ခြင်း ခံခဲ့ရသည်ကို ပြသနေခြင်းဖြစ်ပါသည်။ သို့သော်၊ ဘုရားသခင်၏ စိတ်ထဲတွင် အဘယ်အရာရှိသနည်း။

အမှန်မှာ သင်သည် သင်နှင့်ဘုရားသခင်ကြားရှိ ပေါင်းသင်းဆက်ဆံမှုကို ကြည့်လိုက်သည့်အခါ အများပိုင်းက သူ့အကြောင်းမဟုတ်ဘဲ ကိုယ့်အကြောင်းဘဲ ဖြစ်နေသည်ကို တွေ့မြင်ရသောအခါ ခံစားနိုင်မည် မဟုတ်ပါ။ သင့်အသက်တာကို ဘုရားသခင်၏ အကူအညီဖြင့် ပိုမို၍ ကောင်းမွန်အောင် စိတ်ကျေနပ်မှုရှိအောင် ပျော်ရွှင်အောင် ဖြစ်နေစေချင်သည်။ အကယ်၍ ဘုရားသခင်သာ ဒီထက်ပို၍ ကူပေးခဲ့မည်ဆိုပါလျှင် သင်တောင့်တနေသည့် ပို၍ကြွယ်ဝသည့် အသက်တာကို ရရှိလိမ့်မည်ဟု သင်ထင်သည်။ သို့သော် ထိုအရာသည် သင်လိုလားနေသည့် အသက်တာဖြစ်ပြီး ဘုရားရှင် သင့်ကိုရရှိစေလို သောအသက်တာဟု တစ်ထစ်ချ ပြောဆို၍ မရပါ။ ထို့ကြောင့် ဤအချိန်သည် သင့် အ နေဖြင့် ဘုရားသခင်ကို မြင်သည့်အမြင်နှင့် မိမိကိုယ်ကို မြင်သောအမြင်တို့ကို ပြောင်းလဲရ မည့်အချိန် အသက်တာ ပန်းတိုင် စိတ်ကျေနပ်မှု ရရှိရန်အတွက် ကြိုးစားရှာဖွေသည့် နည်းလမ်းကို ပြောင်းလဲရမည့်အချိန် ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် သင်ဘုရားသခင်နှင့် မည်သို့ ထိတွေ့ဆက်ဆံ ကြီးထွားလာပြီး သင်၏အစေခံသည့် အပိုင်းကို ပြောင်းလဲရမည့်အချိန် ဖြစ်ကောင်းဖြစ်မည်။

ဤစာအုပ်ထဲရှိ မေးခွန်းများမှာ “သင်နှင့်ဘုရားသခင်တို့၏ ပေါင်းသင်း ဆက်ဆံမှုအတွက် မျှော်လင့်ချက် ရှိမည်လော” ဆိုသည့်အရာ၏ အဖြေကို ဖြေစေလိုခြင်း မဟုတ်ပါ။ ထိုမေးခွန်း၏ အဖြေမှာ ဟုတ်ပါသည် လုံးဝ မျှော်လင့်ချက်ရှိပါသည်။ သို့သော် ဖြေကြားရမည့် မေးခွန်းမှာ၊ “သင်သည် ဘုရားသခင်ကို အမှန်တကယ် နားထောင်ပြီး သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြပို့ဆောင်ခြင်းကို ပူးပေါင်းဆောင် ရွက်လိုပါသလား” ဆိုသည့် အရာပင်ဖြစ်ပါသည်။ ယနေ့ လက်တွေ့အချိန်တွင် ဘုရားသခင်၏ ဝိညာဉ်တော်က သင့်ကို မည်သို့သောလမ်းဖြင့် ဦးဆောင်နေပါစေ သင်သည် အမှန်တကယ်ပင်လျှင် ထို

ဦးဆောင်မှုကို "ဟုတ်ကဲ့" ဟုထူးရန် အလိုဆန္ဒရှိပါသလား။ သင့်အသက်တာသည် အဘယ်အရာဖြစ်သည် သို့မဟုတ် အဘယ်အရာဖြစ်ထိုက် ဖြစ်သင့်သည် ဆိုသည့် အတွေးအခေါ်ကို စွန့်လွှတ်ပြီး ခရစ်တော် အလိုရှိသည့် ဘုရားသခင် ခေါ်နေသည့် အသက်တာကို ပို၍ အပြည့်အဝလက်ခံရန် စိတ်အလိုဆန္ဒရှိပါ သလား။

သင့် ဝိညာဉ်ရေးရာ အသက်တာ၌ "နံရံတစ်ခုကို ကိုတိုက်မိခြင်း" ကဲ့သို့ ခံစားသောအရာသည် အသက်တာ၌ ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံမှုကို တိုးတက်ရန် လိုလားသော စိတ်ဆန္ဒရှိသူတိုင်း တွေ့ကြုံခံစားရသော အရာကို ရုပ်လုံးပေါ်စေသည့် အလွန်အားကြီးသော ရုပ်ပုံကားချပ်ဖြစ်သည်။ ထိုသို့တွေ့ကြုံရခြင်းသည် တစ်ခုခုမှားယွင်း ချွတ်ချော်မှုကြောင့်ဟု ဆို၍မရနိုင်ပါ။ ထိုအရာသည် နောက်ထပ်လှေခါးထစ် တစ်ခုတက်ရန် အဆင့်သင့်ဖြစ်နေခြင်းကို ပြသပေးနေခြင်းသာ ဖြစ်သည်။ ထိုသို့ နံရံတစ်ခုကို တိုက်မိသည့်အလား ခံစားရသောအခါ သင်ထားရှိသော ပန်းတိုင် စိတ်အလိုဆန္ဒ ပြည့်စုံစေရန်အတွက် သင့်အစွမ်းတန်ခိုးနှင့် မတတ်စွမ်းနိုင်ကြောင်းကို တွေ့ကြုံခံစားရမည်။ သို့သော်လည်း စိတ်ခံစားမှုပိုင်းနှင့် အသိတရားပိုင်းတွင် ထိုသို့သော တွေ့ကြုံခံစားရခြင်းသည် မျှော်လင့်ချက်ကို ဖော်ပြနေသည့် သင်္ကေတတစ်ခုပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယခု သင်သည် ဘုရားသခင်အား အသစ်သော နည်းလမ်း၊ အသစ်သော နက်နဲခြင်းနှင့် နားထောင်ရန် အဆင်သင့် ဖြစ်နေခြင်းကြောင့်ဖြစ်သည်။

Janes Hagberg နှင့် Bob Guelich တို့၏ *The Critical Journey* စာအုပ်တွင် နံရံ နှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဝတ်ဆင်ထားသော မျက်နှာဖုံးကို "ချွတ်ပစ်" သည့်နေရာဟု ဆိုထားပြီး မိမိတို့အကြောင်းနှင့် စိတ်အရင်းခံ အကြောင်းရင်းများတို့ကို မဝန်ခံနိုင်ခဲ့သည့် ထိုအရပ်ကို တွေ့ကြုံခံစားခြင်းဖြစ်သည်။ ထိုအရပ်သည် မိမိတို့၌ ရှိသော အကန့်အသတ်များနှင့် ပွင့်လင်းစွာပြောရလျှင် မိမိတို့ဖြစ်ချင်သော အရာကို မလုပ်ဆောင်နိုင်ခြင်းကို ရင်ဆိုင်ရခြင်းဖြစ်သည်။ ထိုနေရာသည် ကျွန်ုပ်တို့ဆန္ဒနှင့် ဘုရားသခင်၏ ဆန္ဒတို့တွေ့ဆုံသော အရပ်ဖြစ်သည်[၁]။ ထိုအရပ်သည် တရားဟောပြောသူများက ကနဦးအချိန်နှင့် မတူဘဲအလွန် နက်ရှိုင်းပြီး အသက်တာ ပြောင်းလဲခြင်းအတွက် အပြောများသည့် အတိုင်းပင် " မိမိတို့၏ အလိုကို ငြင်းဆန်ပြီး ဘုရားသခင်၏ အလိုတော်ရှိသော ဆန္ဒကိုပြည့်စုံစေခြင်း" ဖြစ်ပြီး ထိုနေရာသည် ကျွန်ုပ်တို့ မိမိကိုယ်ကို လက်မြှောက်အရှုံးပေးခြင်းဖြစ်သည်။

နံရံတစ်ခုကို တိုက်မိခြင်းသည် အစိတ်စိတ်အမွှာမွှာ ကွဲသွားခြင်းမျိုး ခံစား နေရသော်လည်း အမှန်မှာ သင်သည် ဖွံ့ဖြိုးတိုးတက်နေသည် ဆိုသည့် အပြုသဘောဆန် သောလက္ခဏာတစ်ခုသာလျှင်ဖြစ်သည်။ နဂိုမူလက သင့်အတွက် ရရှိရန်အတွက် အခက်အခဲဖြစ် သောနံရံက ဘုရားသခင်ကို တွေ့ထိခံစားနိုင်ရန်နှင့် အသစ်သော လမ်းခရီးတွင် ဖွံ့ဖြိုးတိုးတက် စေရန်အတွက် သင့်ကို ပြင်ဆင်ပေးခြင်းဖြစ်သည်။ သင်သည် ထိုသို့နံရံတွင်ရှိနေ

---

[1] Hagberg and Guelich, *The Critical Journey, 175.*

သည့်အချိန်တွင် ဝိညာဉ်ရေးရာ လေ့ကျင့်လုပ်ဆောင်မှုများနှင့် အားထားစရာများတို့ကို ရယူ၍ သင့်ကိုယ်သင်အကူအညီပေးနိုင်သည်။ ထိုအရာနှင့် ပတ်သက်၍ ဤစာအုပ်တွင် အကျယ်ချဲ့ဆွေးနွေးဖော်ပြမည်ဖြစ်ပါသည်။ သို့သော်လည်း နောက်ဆုံးတွင်မူ ထိုနံရံများကို ဖြတ်သန်း၍ ခေါ်ဆောင်သောသူသည် ဘုရားသခင် သာလျှင်ဖြစ်သည်။ ဘုရားသ ခင်၏ ဝိညာဉ်တော်သာလျှင် သာ၍ရင့်ကျက်သော ဝိညာဉ်ရေးအသက်တာသို့ ပို့ဆောင် ပေးနိုင်သည်။ အသက်တာ၌ တွေ့ကြုံရသော နံရံများသည် သင့်ကိုဒူးထောက်ပြီး ဘုရားသခင်ကို စောင့်ဆိုင်းရသည့် အဖြစ်သို့ပို့ ဆောင်ပေးသည်။ ထိုအရပ်တွင် သင်သည် ဘုရားသခင်အား ဆုတောင်းခြင်း ရှာဖွေခြင်း တောင်းလျှောက်ခြင်းနှင့် တံခါးတော်ကို ခေါက်ခြင်း သင်ကိုယ်တိုင် ကြိုးစားပြီး မရောက်ရှိနိုင်သည့် နေရာသို့ သန့်ရှင်းသော ဝိညာဉ်တော်က ပို့ဆောင်ပေးဖို့ရန် သန့်စင်စစ်ကြောခြင်းနှင့် ပြင်ဆင်ခြင်းကို ခံစားရမည်ဖြစ်သည်။ ဤအရာသည် သင်၏ ဝိညာဉ်ရေးရာ ခရီးဖြစ်သည်။

## ဝိညာဉ်တော် ဦးဆောင်သည့် အသက်တာ

ခရစ်ယာန် အသက်တာသည် အဘခမည်းတော်၏ တိုင်းဆ၍ မရနိုင်သော မေတ္တာတော် ခရစ်တော်က လက်ဝါးကပ်တိုင်ပေါ်တွင် ပြခဲ့သောအမှုနှင့် ကျွန်ုပ်တို့၏ အသက်တာထဲတွင် တက်ကြွစွာ ဆက်လက် လုပ်ဆောင်နေသော သန့်ရှင်းသော ဝိညာဉ် တော်၏ လုပ်ဆောင်မှုထဲတွင် စိုက်ထူ တည်ဆောက်ထားသည်ဟု တမန်တော် ပေါလုက သွန်သင်ထားပါသည်။ ပေါလုသည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ခရစ်တော်ကို ယုံကြည်ကိုးစားရန် လိုအပ်သည့်အကြောင်းကို မကြာခဏ ပြောဆိုထားသည်။ လက်တွေ့ အသက်တာတွင် ကျွန်ုပ်တို့၏ အသက်တာသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပေါင်းသင်းဆက်ဆံမှုအပေါ်တွင် အမှီပြုနေရသည် ကိုလည်း ရှင်းပြထားပါသည်။ တမန်တော် ပေါလုသည် တစ်ကြိမ်တစ်ခါက သန့်ရှင်းသော ဝိညာဉ်တော်၏ အရေးပါသော အခန်းကဏ္ဍကို ဂလာတိအသင်းတော်ရှိ ခရစ်ယာန်တို့အား “ငါတို့သည် ဝိညာဉ်ပကတိ ကြောင့် အသက်ရှင်လျှင် ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့” (ဂလာ ၅း၂၅)ဟု ဆိုရာ ခဲ့ရာတွင် သေသပ်စွာ အကျဉ်းချုံးပြောဆိုထားသည်ကို တွေ့ရပါသည်။

သို့သော် ဝိညာဉ်တော် ဦးဆောင်သည့် အသက်တာတွင် အသက်ရှင် လျှောက်လှမ်းခြင်း ဆိုသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။ ဝိညာဉ်တော်၏ ခြေရာနောက်ကိုလိုက်ခြင်း ဆိုသည်မှာ အဘယ်အရာကို ဆိုလိုသနည်း။ ဆိုခဲ့သည့် စာပိုဒ်နှစ်ခုစလုံးသည် တစ်ခုတည်းကို ရည်ညွှန်းပြောဆိုနေပါသလော။ အကယ်၍ ကွာခြားခဲ့မည်ဆိုပါက မည်သို့ ကွာခြားသနည်း။

ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်း

သမ္မာကျမ်းစာတွင် ဖော်ပြထားချက်အရ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်း အမျိုးမျိုးရှိပါသည်။ ဘုရားသခင်၏ အသက်ကိုပေးသည့် ဇိဝအသက်ကို လက်ခံ ရရှိခြင်းဖြင့် ဝိညာဉ်တော်၌ အသက်ရှင်ခြင်း အသက်တာ အစပြုသည်။ ဤအရာသည် ဘုရားသခင်၏ မျက်မှောက်တော်ကို ကျွန်ုပ်တို့အတွင်း၌ ခံစားရသည်ဖြစ်စေ မခံစားရသည်ဖြစ်စေ လူသားအားလုံးအတွက် အကျုံးဝင်သည်။ သို့သော်လည်း ခရစ်တော်နှင့် ပေါင်းသင်းဆံသည့် အသက်တာ ပြောင်းလဲသွားသောအခါ ဝိညာဉ်တော်နှင့် မည်သို့ တွေ့ကြုံခံစားသည် ဆိုသည့် အရည်အသွေးကို သိသာထင်ရှားစွာ တိုးချဲ့ပေးသည်။ အမှန်မှာ ဝိညာဉ်တော်နှင့် ထိတွေ့ခံစားရသည့် အတွေ့အကြုံမျိုးသည် အလွန်အရည် အသွေးရှိသော အသက်တာဖြစ်ပြီး ခရစ်တော်ကို မရရှိသေးသည့် သာမန်အသက်တာနှင့် ကွာခြားသည်။ ကျွန်ုပ်တို့သည် ထိုဝိညာဉ်တော်၌ ရှိသောအသစ်သော အသက်တာမျိုးကို ဆင်ခြင်စဉ်းစားကြရမည်။

ခရစ်ယာန်တို့အတွက် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ယေရှုထံသို့ ပို့ဆောင်ပေးခြင်းနှင့် ယုံကြည်ခြင်းကိုပေးပြီး မိမိတို့၏အလိုဆန္ဒကို ဘုရားသခင်၏ အလိုတော်အတွက် လက်မြောက် အရှုံးပေးနိုင်သည့် ခွန်အားကိုပေးသည်။ ကျွန်ုပ်တို့အတွင်းထဲ၌ တစ်စုံတစ်ခု အသက်ရှင်လှုပ်ရှား လာသကဲ့သို့ဖြစ်သွားသည်။ အပြစ်များခွင့်လွှတ်ခံရခြင်းကို ကျွန်ုပ်တို့ တွေ့ကြုံခံစားရပါသည်။ ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်နှင့် ရှက်ကြောက်ခြင်းကို ဘုရားသခင်က ယူဆောင်သွားပြီ။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အမှန်တကယ်သက်ဆိုင်သူ ဘုရားသခင်၏ မိသားစုထဲရှိနေမှုမှာ အလွန်ထင်ရှားသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ထံသို့ လာပြီး သူ့နောက်တော် လိုက်ချင်ကြသည်။ ကျွန်ုပ်တို့သည် အပြစ်ကျူးလွန်မှုကို ရပ်နားချင်ပြီး ဝိညာဉ်ရေးရာ ခရီးလမ်းများတွင် ခေါင်းမာသော အပြစ်နှင့် ဆက်လက် တိုက်ပွဲဆင်နွှဲ နေရသော်လည်း ဘုရားအတွက် အသက်ရှင်ရန် ခွန်အားနှင့် တန်ခိုးကို ပို၍ ခံစားနေရသည်။ ဤသို့သော တွေ့ကြုံခံစားမှု အားလုံးသည် ခရစ်တော်ပြောဆိုခဲ့သည့် ဒုတိယမွေးဖွားခြင်း သို့မဟုတ် ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်း (ယော ၃း၁-၈) ဆိုသည့် အရာနှင့် အလွန်ပင် အံဝင်ခွင်ကျဖြစ်နေသည်။ ယေရှုခရစ်တော်၏ သမ္မာတရားအကြောင်းကို လမ်းညွှန်ပို့ဆောင်ပေးသောသူသည် ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်သည်ကို ရှင်ယောဟန်က ရှင်းလင်းဖော်ပြထားပါသည်။ ဘုရားသခင်၏ စစ်မှန်သော မေတ္တာကိုထိ တွေ့ခံစားရခြင်းသည် ကျွန်ုပ်တို့ အသက်တာကို အသွင်ပြောင်းလဲစေပြီး အရင်နှင့်မတူသော ချစ်ခြင်းနှင့် အခြားသူတို့ကို ချစ်နိုင်စေသည် (၁ယော ၄)။

ခရစ်တော်နှင့် ကျွန်ုပ်တို့၏ ပေါင်းသင်းဆက်ဆံမှု ရင့်ကျက်လာသည်နှင့် အမျှ ကျွန်ုပ်တို့၏စိတ် ပေါင်းသင်းဆက်ဆံမှုများနှင့် လောက၌ နေထိုင်သည့် အသက်တာလမ်းတို့တွင် ဝိညာဉ်တော်မှ နည်းလမ်းများစွာဖြင့် အသစ်သော အသက်တာ မှုတ်သွင်းမှုကို

သာ၍ ခံစားတွေ့ကြုံရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြင့် အခြားသောသူများကို ကောင်းကြီးပေးခြင်းနှင့် အသင်းတော်နှင့် လူ့အသိုင်းအဝိုင်းတွင် အဓိပ္ပါယ်ရှိစွာ ပါဝင်ကူညီနိုင်စေရန် တတ်စွမ်းစေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်ကိုသော်လည်းကောင်း၊ မိမိကိုယ်ကိုလည်းကောင်း၊ အခြား သူတို့ကို လည်းကောင်း၊ အသက်ကိုပင်စွန့်သည့် နည်းများဖြင့် ပို၍ချစ်တတ်လာမည်။ ဤသို့သောအ ကြောင်းအရာများကို ထောက်ရှု၍ ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် အသက်ရှင်သည် ဟုပြောဆို၍ရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ မျက်မှောက်တော်သည် ကျွန်ုပ်တို့ထဲတွင် ရှိနေပြီး ဝိညာဉ်တော် ကျွန်ုပ်တို့အတွင်းထဲတွင်  အလုပ် လုပ်ဆောင်နေ ခြင်းကြောင့် နဂိုမရှိခဲ့သော မဖြစ်နိုင်သည့် အသက်တာကို ကျွန်ုပ်တို့အားပေးသည်။

ပိုမို၍ အကျယ်ချဲ့ ပြောရမည်ဆိုပါက ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် လူသားတို့အား အသက်ပေးသည် ဆိုသည့် အထူးသဖြင့် ခရစ်ယာန်များ အတွက်သာ  ရည်ညွှန်းဆိုထားသော မတူညီသည့် နည်းလမ်းဆယ်ခု အနည်းဆုံး ရှိကြောင်း ကျမ်းစာတော်မြွတ်ထဲတွင် တွေ့မြင်နိုင်ပါသည်။ ထိုကိုးကားချက်များသည် ရှင်ပေါလု၏ ရေးသားမှုများမှ မဟုတ်သော်လည်း ဓမ္မသစ်ကျမ်း၏ အမြင်တွင် ဘုရားသခင်သည် ထိုဝိညာဉ်တော် အားဖြင့် လူသားတို့၏ အသက်တာတွင် မည်သို့လှုပ်ရှား လုပ်ဆောင်သည်ကို တစ်တမတ်တည်း ဖော်ပြထားပြီး၊ ပေါလုက စိတ်နှစ်မြှုပ်ပြီး ရေးသားပြုစုထားသော ဓမ္မအတွေးခေါ်ပညာဆိုင်ရာ ကမ္ဘာကို ဖြစ်တည်စေခဲ့သည်။ ကျမ်းစာတော်မြွတ်ထဲမှ ကျွန်ုပ်တို့ သင်ယူလေ့လာရရှိသော အချက်များကို ကောက်နုတ် တင်ပြရမည်ဆိုပါက၊ သန့်ရှင်းသော ဝိညာဉ်တော်သည်-

၁။ လူသားအားလုံးကို အသက်ပေးသည် (ကမ္ဘာ ၂း၇၊ ဆာလံ ၁၀၄း၂၉-၃၀၊ တမန် ၁၇း၂၄-၂၈)။

၂။ အပြစ်ကို ဖော်ပြသည် (ယော ၁၆း၇-၁၁)။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ အပြစ်ကို ဖော်ပြပြီး ထိုအပြစ်သည် မှားယွင်းကြောင်း သိမြင်လက်ခံစေသည်။

၃။ သမ္မာတရားလမ်းထဲသို့ လမ်းညွှန်ပို့ဆောင်ပေးပြီး အထူးသဖြင့် ခရစ်တော်ကို သက်ဝင်ယုံကြည်စေသည် (ယော ၁၄း၆၊ ၁၆း၁၃-၁၅၊ ဧဖက် ၂း၈-၉၊ ၁ ယော ၄း၁-၃)။

၄။ အသစ်ပြုပြင် ထားသော အသက်တာ၍ ဘုရားသခင်နှင့် အသက်ရှင်သော ဝိညာဉ်ရေးရာ ပေါင်းသင်းဆက်ဆံမှုကို လုပ်ဆောင်ပေးသည်။ (ယော ၃း၁-၈၊ ၁၆၊ ၇း၁၇-၃၉၊ ၂၀း၁၉-၂၃)။ ကျွန်ုပ်တို့ “ဒုတိယမွေးဖွားခြင်း” ခံရသည်ကို ဆိုသည်။

၅။ ယေရှုကို ချစ်မြတ်နိုးသော စိတ်နှင့် ယှဉ်တွဲထားသည့် အသက်ရှင်သော မျှော်လင့်ချက်နှင့် စစ်မှန်သော ဝမ်းမြောက်မှုတစ်ရပ်ကို လှူဆောင်ပေးသည်။ (၁ ပေ ၁း၃-၉)

၆။ အပြစ်ကို ခုခံ တိုက်လှန်ရန်နှင့် ငြိမ်းချမ်းစွာ အသက်ရှင် နေထိုင်ရန် အတွက် တန်ခိုးတော်ကို ပေးသည်။(ရော ၈း၁-၆၊ ၉၊ ဂလာ ၅း၁၆)

၇။ ကျွန်ုပ်တို့၏ အသက်တာတွင် ဝိညာဉ်အသီးသီးကို "ဖော်ပြ" ခြင်းနှင့် ၎င်းတို့ကို တွေ့ကြုံခံစားစေပြီး အခြားသောသူတို့ကို ပို၍ ချစ်ခြင်းမေတ္တာနှင့် ဘုရားတရား ကိုင်းရှိုင်းသော နည်းလမ်းတို့ဖြင့် ဆက်ဆံစေသည်။ (ဂလာ ၅း၂၂-၂၃၊ ၂ ပေ ၁း၂-၃)

၈။ ကျွန်ုပ်တို့ မလုပ်ဆောင်နိုင်သော နည်းလမ်းများဖြင့် ဆုတောင်းရန် ကူညီပေးသည်။ (ရော ၈း၂၆-၂၇၊ ၁ကော ၁၄း၂၊ ၁၈၊ ဧဖက် ၄း၁၈)

၉။ ခရစ်တော်၏ ခန္ဓာကိုယ်ကို တည်ဆောက်ရန် အတွက် ခရစ်ယာန်တို့အား လိုအပ်သော ဝိညာဉ်ဆုကျေးဇူးများနှင့် တန်ခိုးသွန်းလောင်းပေးသည်။ (၁ကော ၁၂၊ ရော ၁၂း၃-၈၊ ၁၅း၁၈-၁၉၊ ဧဖက် ၄း၁၁-၁၆)

၁၀။ မာန်နတ်ကို တိုက်ခိုက် တွန်းလှန်ရန် အတွက် တန်ခိုးကို သွန်းလောင်းပေးသည်။ (ဧဖက် ၆း၁၀-၂၀) အထူးသဖြင့် အခန်းငယ် (၁၇-၁၈)ကို ကြည့်ရှုပါ

ရှင်ပေါလုက (ဂလာ ၅း၂၅)တွင် "ဝိညာဉ်ပကတိအတိုင်း အသက်ရှင်သည်" ဟုဆိုရာ၌ ခရစ်တော်၌ ယုံကြည်သူများ ခရစ်တော်ကို ရရှိပြီးနောက် သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်သည့် အသက်တာသစ်ကို ဆိုလိုခြင်းဖြစ်သည်[2]။ သို့သော်၊ ဤစာအုပ်နှင့် ပတ်သက်၍ အရေးကြီးသော ယူဆချက်မှာ၊ ကျွန်ုပ်တို့သည် "သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အသက်ရှင်" သောကြောင့် ထိုဝိညာဉ်တော်အားဖြင့် တတ်စွမ်းနိုင်သော အရာတို့သည် ကျွန်ုပ်တို့နေ့စဉ် တွေ့ကြုံခံစားရမည့်အရာနှင့် အလိုလိုနေရင်း တစ်ထပ်တည်း ကျမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ယုံကြည်သူများအဖြစ် ဝိညာဉ်တော်အားဖြင့် အသက်ပေးသည့် နည်းလမ်းများဖြင့် ဝိညာဉ်တော် အလုပ်လုပ်ဆောင်နေသော ခရစ်တော်၌ အမှန်တကယ် အသက်ရှင် လျှောက်လှမ်းနေရသော်လည်း ဝိညာဉ်တော်နှင့် မည်သို့ အတူ လျှောက်လှမ်း ရမည်ကို သင်ယူပြီးနောက် ဆက်လက် ကြီးထွားရန်နှင့် ခရစ်တော်ကို

[2] သမ္မာကျမ်းစာအရ၊ ဓမ္မဟောင်းခေတ်ကာလများတွင် ဝိညာဉ်တော်သည် တက်ကြွစွာဖြင့် လူသားထဲတွင် အသက်ရှင်နေခဲ့သော်လည်း ပိုမို ကန့်သတ်ချက်များနှင့် ရှိခဲ့သည်။ တစ်ကြိမ်တစ်ခါတွင် ထိုဝိညာဉ်တော်သည် တစ်စုံတစ်ဦးပေါ် သဘာဝလွန်သော နည်းဖြင့် တန်ခိုးတော်ကို သွန်းလောင်းပြီး ထိုသူသည် နားထောင်သော သူတို့အတွက် ပညာ၏ အချုပ်အချာတစ်ခုဖြစ်ခဲ့သည်။ သို့သော်လည်း၊ ရှင်ပေါလု၏ ဂလာတိဩဝါဒစာစောင်နှင့် အခြား ရေးသားချက်များတွင် ဖော်ပြထားသည်မှာ ကနဦးရှိ ဝိညာဉ်တော်၏ နည်းလမ်းတို့သည် ပို၍အရေးကြီးသည်၊ အကောင်းဆုံးဖြစ်သည်ဟု မဆိုထားပေ။ ပေါလုအတွက်မှာမူ ယေရှု၏ အသက်တာ၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော် သွန်းလောင်းခြင်းသည် အလွန် အရေးပါသော အရာဖြစ်ပြီး၊ ၎င်းတို့သည် သူ၏ ဓမ္မအတွေး အခေါ်ပညာအတွက် အဓိကကျသော အပိုင်းကဏ္ဍများဖြစ်လာသည်။ အခြေခံအားဖြင့်၊ ပင်တေကုတ္တေပွဲနေ့မှ စတင်၍ ခရစ်တော်ကို ကိုးစားခြင်းနှင့် ဝိညာဉ်တော်၏ လမ်းပြ ပို့ဆောင်ပေးခြင်းတို့သည် ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံခြင်းနှင့် လူတစ်ဦးတစ်ယောက်၏ အသက်တာအတွက် ဘုရားသခင် ထားရှိသော ရည်ရွယ်ချက်ကို ပြည့်စုံစေရန်နှင့် ဘုရား၏ စိတ်တော်ကို တို့ထိစေသော အစွမ်းအတွက် အဓိကသော့ချက်ဖြစ်လာသည်။ (ဥပမာအားဖြင့် ဂလတိ ၃း၁-၅၊ ရောမ ၈း၁-၈ တွင် ကြည့်ပါ) ဘုရားသခင်၏ ဝိညာဉ်တော် အလုပ်လုပ်ဆောင်ခဲ့ပုံနှင့် ဆက်လက်၍ ကမ္ဘာပေါ်ရှိ မယုံကြည်သောသူများနှင့် ယေရှုခရစ်တော်၏ နောက်တော်လိုက်သောသူတို့တွင် လုပ်ဆောင်သေ အမှုများသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပတ်သက်သည့် လေ့လာသင်ယူမှုတွင် အလွန် အရေးပါပြီး၊ အကျုံးဝင်သော အ ရာဖြစ်သည်။ သို့သော်လည်း ထိုအကြောင်းအရာကို ဤစာအုပ်ပြင်ပတွင် သင်ယူရရှိနိုင်ပြီး ယခုဤစာအုပ်တွင်မူ ခရစ်တော်၏ နောက်လိုက်တို့၏ အသက်တာတွင် သန့်ရှင်းသော ဝိညာဉ်၏ အရေးပါသော လုပ်ဆောင်မှု အခန်းကဏ္ဍကိုသာ အဓိကထား တင်ပြထားပါသည်။

အစေခံရာ၌ များ စွာသော အသီးများကို သီးသော အသက်တာအတွက် ဝိညာဉ်တော်နှင့် အတူ လျှောက်လှမ်းရမည်။

## ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းခြင်းကို ထိန်းသိမ်းခြင်း

များစွာသော ကျွန်ုပ်တို့သည် ခရစ်တော်နောက်တော် လိုက်ပြီး ဘုရားသခင်၏ အမှုတော်ဆောင်ခြင်းနှင့် ပတ်သက်လာလျှင် "မှန်သော ဖြေကြားချက်များ" ကို သိကြပါသည်။ သို့သော်လည်း မိမိတို့ဟောပြောသည့်အတိုင်း အသက်ရှင်ရန် မိမိတို့အစွမ်းအစကို အမှီပြု၍ ကြိုးပမ်းမှုများသည် အရေးပါပြီး ထိပ်ဆုံးသို့ရောက်သောအခါမှ မှိန်ကျသွားကြသည်။ သန့်ရှင်းသော ဝိညာဉ်တော်၌ ဘဝသစ်ကို တွေ့ကြုံခံစားကောင်း ခံစားခဲ့ရပြီး မတူညီသော နည်းလမ်းများဖြင့် ဘုရားသခင်၏ တို့ထိမှု ကောင်းကြီးမင်္ဂလာခံစားခြင်း သို့မဟုတ် ကျွန်ုပ်တို့ အသက်တာ ကောင်းစားရန်အတွက် လုပ်ဆောင်မှုတို့ကို ခံစားရပြီး ထိုအရာများ အတွက် အမှန်တကယ်ပင် ကျေးဇူးတင် ဂုဏ်ယူမဆုံးဖြစ်ကောင်း ဖြစ်နေလိမ့်မည်။ သို့သော် တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏ စိတ်ကူးစိတ်သန်း၊ ဓမ္မအတွေးအခေါ် ပညာ၊ ဒဿနနှင့် မိမိတို့အသက်တာကို မည်သို့ စီမံအသက်ရှင်ခြင်း၊ စုံစမ်းနှောက်ယှက်မှုများအား ကိုင်တွယ်ခြင်းနှင့် မေတ္တာပြရန် ခက်ခဲသောသူတို့ကို တုံ့ပြန်မှုပြုခြင်းတို့ကြားတွင် ကွက်လပ်များ အမှန်တကယ် တည်ရှိနေဆဲဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကြိုးစားနေကြရသည်။ အများအားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကျွန်တော်တို့သည် မတူညီသော အသက်တာ ကဏ္ဍအသီးသီးတွင် ကြိုးပန်းလုပ်ဆောင်ကြရပြီး မိမိတို့၏ အသက်တာတွင် အသီးအပွင့်များကိုလည်း တွေ့မြင်ကြရပြီးဖြစ်သည်။ သို့သော်လည်း အကယ်၍ ကျွန်ုပ်တို့ သည် ရိုးသားစွာ ဝန်ခံကြမည်ဆိုပါက အဓိက အချက်အချာကျသော အရာများတွင် အ ရေးနိမ့် နေကြရသည်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်က ခေါ်ထား လုပ်ဆောင်စေသည့် အရာကို နောက်ထပ် နည်းလမ်းတစ်ခုဖြင့် မတူညီကွဲပြားအောင် လုပ်ရမည်ကို မသိကြ သို့မဟုတ် လုပ်ဆောင်လိုစိတ် အစွမ်းအစ သို့မဟုတ် ခွန်အားလည်း မရှိကြ။

ခရစ်ယာန်တို့အတွက် ဤကဲ့သို့ဖြစ်ရသည့် အဖြစ်အပျက်မှာ အစအဦး ကတည်းကပင်ဖြစ်သည်။ ယေရှု ခရစ်တော် နောက်လိုက်လိုသောသူ အယောက်တိုင်းတို့၏ အဖြစ်အပျက် ဖြစ်ပါသည်။ ဤသို့လူသားတို့ တွေ့ကြုံနေရသော အဖြစ်အပျက်က အဘယ့်ကြောင့် ဓမ္မသစ်ကျမ်းကို ရေးသားပြုစုခဲ့ သူတို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်၏ အံ့ဘွယ် ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတော်တရားကို ပေးခဲ့သည်ကိုသာ မောင်းခပ် ကြေငြာပေးခြင်း မဟုတ်ဘဲ နေ့စဉ်ကြုံတွေ့နေရသည့် လျစ်လျူရှုခံရခြင်း၊ ကာမဂုဏ်ဆန္ဒ၊ ဘုရားသခင်ကို အမြင့်ငြင်းပယ်ခြင်းနှင့် အမြစ်စွဲနေသည့် မကောင်းသော အကျင့်စရိုက်များတို့ကို အောင်မြင် ကျော်လွှားဖြတ်သန်းခြင်းနှင့် ပတ်သက်၍လည်း အကျယ်တစ်ဝင့် ဖေါ်ပြထားသည်ကို တွေ့မြင်ရပါသည်။ လက်တွေ့ကျသော ခရစ်ယာန် အသက်တာတွင် အသက်ရှင်နေထိုင်

ရန် အတွက် ယုံကြည်ခြင်း သို့မဟုတ် ဆက်ခံရရှိထားသော ရှေးရိုးထုံးတမ်း အစဉ်အလာတို့ကို လိုက်လျှောက်ခြင်း ထက်သာသော တစ်ခုခုကို လိုအပ်နေပါသည်။ ခရစ်တော်ကို ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် ရရှိထားပြီး သန့်ရှင်းသော ဝိညာဉ်တော်ကို ပိုင်ဆိုင်ထားခြင်းထက် သာသော တစ်ခုခုကို လိုအပ်နေပါသည်။ ထိုအရာမှာ ဝိညာဉ်တော်နှင့် အတူလျှောက် လှမ်းခြင်းဖြစ်သည်။

ရှင်ပေါလုက၊ "ငါတို့သည် ဝိညာဉ်တော်၌ အသက်ရှင်သောကြောင့်၊ ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းကြစို့" ဟုဆိုရာတွင် သူသည် ဘုရားသခင်က ကျွန်ုပ်တို့အတွက် ပြုသောအမှုကို အာရုံထားခြင်းမှ ကျွန်ုပ်တို့၏ အသက်တာအထဲတွင် ကိန်းဝပ်သည့် ခရစ်တော်နှင့် ဝိညာဉ်တော်၏ မျက်မှောက်တော်ကို တုံ့ပြန်မှုပြုသည့်ဘက်သို့ လွှဲပြောင်းလိုက်ခြင်းဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးတို့ကို အသစ်တစ်ဖန် ပြုပြင်ပေးသည်၊ သမ္မာတရားကို ဖော်ပြပေးသည်။ ဝိညာဉ်ရေးရာ ခရီးအတွက် ယုံကြည်စိတ်ချရသော လမ်းညွှန်မှုကိုပေးပြီး၊ ဘုရားသခင်အား ဆန့်ကျင်ငြင်းဆန်မှုကို ကျော်လွှန်ဖြတ်သန်းနိုင်သော တန်ခိုးကိုသွန်းလောင်းပေးသည်။ လမ်းမှားရောက်သွားသောအခါ ပြုပြင်ပေးသည်။ သို့သော် အတင်းအဓမ္မ နာခံစေခြင်းမျိုး မပြုပါ။ ထိုသို့သော အရာသည် ကျွန်ုပ် တို့လုပ်ဆောင်ရမည့် အရာဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ တစ်ဦးချင်းစီတို့အား အမှန်တကယ် စကားပြောဆိုပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ အသံကို နားစွင့်ပြီး သူ၏ ဦးဆောင်မှုကို ပူးပေါင်းလုပ်ဆောင်ရမည်။ ဝိညာဉ်တော်သည် ကျွန်တော်တို့ကို အကြီးမားဆုံးသော တန်ခိုးကိုဖြစ်စေသည့် အရင်းအမြစ် တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့၏ အကျိုးအမြတ်အတွက် သူနှင့်နီးကပ်စွာ အသက်ရှင်ကြရမည်။ ဝိညာဉ်တော်သည် တစ်ချိန်တစ်ခါတွင် ကျွန်တော်တို့ နောက်လိုက်ပြီး အတင်းအကြပ် လုပ်ဆောင်သော်လည်း ဝိညာဉ်တော်နှင့် အတူ လျှောက်လှမ်းရန်အတွက် ဘုရားသခင်အား "ဟုတ်ကဲ့"ဟု တုံ့ပြန်ပြောဆိုကြရပါမည်။

ကျွန်ုပ်တို့၏ "ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်း" သည့် အသက်တာခရီး အများပိုင်းသည် ကျွန်ုပ်တို့ ဝိညာဉ်တော်အားဖြင့် မည်သို့ "အသက်ရှင်" သည် ဆိုသည့်အရာတွင် မြစ်ဖျားခံသည်။ တစ်နည်းဆိုရသော်၊ အကယ်၍ ဝိညာဉ်တော်သည် ပေးထားသော အခြေအနေတစ်ခုတွင် သင်အား မည်သို့ ဦးဆောင်လမ်းပြသည်ကို သိရှိလိုပါက အထက်တွင် ဖော်ပြခဲ့ပြီးသည့် ဝိညာဉ်တော်အားဖြင့် အသက်ရှင်နည်း နည်းလမ်း(၁၀)မျိုးကို ပြန်လည်ဆန်းစစ်ကြည့်ပါ။ ဝိညာဉ်တော်သည် သင့်အသက်တာ အတွက်ထားရှိသော အဓိကကျသည့် အခန်းကဏ္ဍများမှ အံဝင်ခွင်ကျဖြစ်မည့် တစ်ခုထဲသို့ တစ်မျိုးတစ်ဖုံ သွေးဆောင်နေမည် ဖြစ်သည်။

ဝိညာဉ်တော်၏ သွေးဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊ လှုပ်ရှားတက်ကြွစေခြင်းနှင့် တန်ခိုးသွန်းလောင်းခြင်းတို့သည် ကျွန်ုပ်တို့အား အသီးသီးသည့် ခရစ်တော်ကဲ့သို့သော အ

သက်တာတွင် အသက်ရှင် နေထိုင်ရန်အတွက် လိုအပ်သော အတွင်းပိုင်းဆိုင်ရာ အရင်း အမြစ်များကို ရရှိစေသည်။ သို့သော်လည်း ပြောင်းလဲမှုများအတွက် ခေါ်ထားသော ကြောင့် ကျွန်တော်တို့သည် ဝိညာဉ်တော် အနီးအပါးသို့ တိုးဝင်ခြင်း သို့မဟုတ် သူ၏ ဦး ဆောင်လမ်းပြမှုကို တုံ့ပြန်ခြင်း တို့ကို ပြုလုပ်ရမည်။ ကျွန်တော်တို့ လက်ခံရရှိသည့် အရာ ကို ယူဆောင်ထားကာ အသက်ကို ပေးသည့် ဝိညာဉ်တော်၏ မျက်မှောက်တော် ကျိန်းဝပ် သောကြောင့် ချက်ချင်းလိုပင် ကျွန်တော်တို့၏ စိတ်နေသဘောထားများ၊ လုပ်ဆောင်မှု များနှင့် ဦးစားပေးမှုများကို တည်တံ့သည့်ခိုင်မြဲသည့် နည်းလမ်းများဖြင့် ပြန်လည်တည့် မတ်ပြုပြင် ကြရမည်။ ဤကဲ့သို့လုပ် ဆောင်ရန် ဝိညာဉ်တော်က ကျွန်ုပ်တို့ကို စကားပြော ဆိုရန် ရွေးချယ်သည့် မည်သည့်နည်း ကိုမဆို တံခါးဖွင့်ကြိုဆိုစောင့်မျှော်ခြင်း၊ သို့မဟုတ် ကျွန်ုပ်တို့၏ မည်သည့် လိုအပ်ချက် အတွက်မဆို ဝိညာဉ်တော်၏ တန်ခိုးနှင့် မျက်မှောက် တော်သို့ တိုးဝင်ချဉ်းကပ်ရမည်။

တစ်နည်းဆိုရသော် ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းရန် ဝိညာဉ်တော်၏ အသံ ကို ပုံမှန်နားထောင် တတ်သည့်အသက်တာကို ပြုစုပျိုးထောင်ခြင်းနှင့် နောက်တော် လိုက် ခြင်း၊ နာခံခြင်း၊ မိမိတို့၏ အလိုကို ဘုရားသခင်၏ အလိုတော်ထဲသို့ နေ့စဉ်အသက်တာ တွင် နည်းလမ်းပေါင်း များစွာဖြင့် ဆက်ကပ်အပ်နှံခြင်းတို့ဖြင့် ပူးပေါင်းလုပ်ဆောင်ရန် အ တွက် အမြဲအသင့်အနေ အထားတွင် ရှိနေရန် လိုအပ်ပါသည်။ ဤအရာသည် ပေါလု၏ မရှိမဖြစ်သောအရာနှင့် ကျွန်တော်တို့ တစ်ဦးချင်းစီတိုင်း၏ ဝိညာဉ်ရေးရာ၌ ကြီးထွားစေ ရန်နှင့် အသက်တာတွင် ထားရှိသော ဘုရားသခင်၏ ကောင်းသော ရည်ရွယ် ချက်များကို ပြည့်စုံစေသည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

## ဘုရားသခင် သင့်ကို ခေါ်သောအသက်တာ

ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံမှုပြုရန်အတွက် သမ္မာကျမ်းစာရှိ အကောင်းဆုံးသော ဖော်ပြချက်မှာ ကျွန်တော်တို့ စိတ်ကူး၊ နားမလည်နိုင်လောက်အောင် ချစ်သော ဘုရားသ ခင်ကို သိကျွမ်းခြင်း၊ ချစ်ခြင်းနှင့် အစေခံခြင်းဖြစ်သည်။ ကျွန်တော်တို့၏ ဝိညာဉ်ရေးရာ ခရီးစဉ်တွင် ကူညီမှုရရှိစေရန်အတွက် နှုတ်ကပတ်တော်ကျမ်းစာကို အသုံးပြုခြင်း၊ သခင် ယေရှုခရစ်တော်ကို ကိုးစားခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုကို ခံယူခြင်း တို့ဖြစ်သည်။ ဘုရားသခင်သည် နှုတ်ကပတ်တော် ကျမ်းစာအားဖြင့် ကျွန်တော်တို့ကို အရှင်းလင်းဆုံးစကား ပြောဆိုနိုင်သည်ကို မျှော်လင့်ရမည်။ ဘုရားသခင်၏ သားတော်ဖြစ် သော သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၏ စိတ်တော်အမူအကျင့်နှင့် စစ်မှန် သောမေတ္တာသည် အဘယ်အရာ ဖြစ်သည်ကို အကောင်းဆုံး သိရှိနိုင်သည်။ သန့်ရှင်း သော ဝိညာဉ်တော်အားဖြင့် နှုတ်ကပတ်တော် ကျမ်းစာနှင့် ယေရှုခရစ်တော်အထဲတွင် တွေ့မြင်ရသော သမ္မာတရားကို ပို၍လက်ခံယုံကြည်စေသည်။ ဝိညာဉ်တော်အားဖြင့်

ကျွန်ုပ်တို့၏ နေ့စဉ် ပေါင်းသင်းဆက်ဆံခြင်းနှင့် တာဝန်ဝတ္တရားများတို့ကို အသွင်ပြောင်းလဲစေသော သခင်ခရစ်တော်၏ မျက်မှောက်တော်နှင့် ဘုရားသခင်၏ မေတ္တာတော်ကို ကျွန်တော်တို့ တွေ့ကြုံခံစားနိုင်သည်။

ကျွန်ုပ်တို့သည် ဝိညာဉ်တော် ဦးဆောင်သော လူများဖြစ်သည့် အားလျော်စွာ အသက်တာတွင် လုပ်ဆောင်စရာများနှင့် ပြည့်နှက်နေမည်။ အတွင်းသဘောတွင် ဘုရားသခင်၏ ဂရုဏာတော်နှင့် ကျေးဇူးတော်ကြောင့် နှိမ့်ချသော နှလုံးသားနှင့် ဒူးထောက်၍ နေခြင်းနှင့် ပြင်ပတွင် ရဲရဲရပ်တည်နေခြင်း၊ ခရစ်တော်ထံမှ ခွန်အားများကို ရယူခြင်းနှင့် ဘုရားသခင်က ခေါ်ထားသော အသက်တာတို့ဖြစ်သည်။ ကျွန်တော်တို့သည် ယုံကြည်စိတ်ချစွာဖြင့် များစွာသောအသီးတို့ကို သီးနိုင်ရန်ရှေ့သို့ချီပြီး အစေခံကြရမည်။ ထိုအရာသည် မိမိတို့ကိုယ်တိုင် ကြိုးစားမှုကြောင့် ရရှိသော ထိုက်တန်ခြင်းသို့မဟုတ် ကြီးမြတ်သောကြောင့် မဟုတ်ဘဲ ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းခံရပြီး ကောင်းမြတ်သောအရာကို ဤ ကမ္ဘာမြေကြီးတွင် ယူဆောင်လာစေရန် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်သည် သာမန်အပြစ်သားများ အတွင်းထဲ၌ သော်လည်းကောင်း၊ သူတို့အားဖြင့်သော်လည်းကောင်း တန်ခိုးကြီးစွာ လုပ်ဆောင်နေသောကြောင့်ဖြစ်သည်။ ဝိညာဉ်တော်သည် ဘုရား သခင်၏ ချစ်ခြင်းမေတ္တာတော်နှင့် ကျေးဇူးတော် အလွန်ကြီးမားကြောင်းနှင့် မည်သို့သော ကျရှုံးခြင်းများ၊ မပြည့်စုံခြင်းများရှိနေပါလေစေ၊ သူသည် ကျွန်တော်တို့၏ ဘဝ အသက်တာအားဖြင့် လှပသောအရာ တစ်စုံတစ်ခုကို ဖန်တီးလုပ်ဆောင်နိုင်သည်ကို သက်ဝင်ယုံ ကြည်နိုင်ရန် ကူညီပေးသည်။

ဝိညာဉ်တော်အားဖြင့် ဦးဆောင်သော ကျွန်ုပ်တို့သည် အခြားသောသူတို့ကို ဘုရားသခင်၏ မျက်စိတော်နှင့် ကြည့်ရှုတတ်ခြင်းအရာ၌ ပိုမိုကြီးရင့်လာပြီး မပြည့်စုံ သောသူများကို သူတို့၏ မပြည့်စုံခြင်းထဲ၌ ပင်လျှင်ချစ်နိုင်သော အစွမ်းအစများ ပိုမို၍ ဖွံ့ဖြိုးတိုးတက်လာမည်။ မရေတွက်နိုင်သော တရားစီရင် အပြစ်တင်ရှုတ်ချ ပြောဆိုခြင်းတို့ကို ကျွန်ုပ်တို့၏ အသက်တာမှ မည်သို့ပပျောက်စေမည်ကို သင်ယူလေ့ကျက်လာစေမည်။ တစ်ဦးချင်းစီတိုင်းတို့၏ အသက်တာရှိ ဘုရားသခင်၏ လက်ရာတော်များကို တွေ့မြင်ပြီး ထိုအရာအတွက် ကျေးဇူးတင် ဂုဏ်ယူတတ်သည့် သာ၍ ကြီးမားသော အစွမ်းအစတစ်ခုကို ဖွံ့ဖြိုးလာစေမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သူတပါးတို့၏လက်တွင် သို့မဟုတ် မိမိတို့ကိုယ်တိုင် အစိုးမရနိုင်သော အရာများကြောင့် ဒုက္ခခံစားနေ သောသူများ၊ မှားယွင်း သောရွေးချယ်မှု သို့မဟုတ် လုပ်ဆောင်မှုများကြောင့် မိမိတို့၏ ဘဝ အသက်တာတွင် ဆင်းရဲဒုက္ခများကို မိမိတို့ဖာသာ ယူဆောင်လာသောသူတို့ အပေါ်တွင် ထားရှိနိုင်သော ဂရုဏာတရားနှင့် စာနာခြင်းတရား ပိုမို၍ခံစား လာမည်ဖြစ်သည်။

ဘုရားသခင်က ကျွန်ုပ်တို့ကို ခေါ်သော အသက်တာခရီးသည် အစမှအဆုံးအ ထိ ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝနေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများ ဖြစ်ပြီး

ချစ်ခြင်းမေတ္တာဖြင့် ချစ်ခြင်းမေတ္တာအတွက် ဖန်ဆင်းခံထားခဲ့ရခြင်း ဖြစ်သည်။ သခင်ယေရှုခရစ်တော်၏ အသက်တာနှင့် သေခြင်းတို့တွင် ဘုရားသခင်၏ မေတ္တာအတိမ်အနက်ကို မြင်တွေ့ရပြီး ကျွန်ုပ်တို့၏ အသက်တာကို ပြောင်းလဲစေသော သခင်ခရစ်တော်၏ အသက်ပေး ဆက်ကပ်ပူဇော်သော လုပ်ဆောင်ချက်၏ အကျိုးအမြတ်ကို ခံစားရရှိစေသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ဖြစ်သည့် ဘုရား၏ ချစ်ခြင်းမေတ္တာတော်ကို ကျွန်ုပ်တို့ အတွင်းထဲတွင်လည်းကောင်း၊ အခြားသောလူများအားဖြင့် သော်လည်းကောင်း၊ အခြားအခြေအနေ အမျိုးမျိုးတို့အား ဖြင့်သော်လည်းကောင်း တွေ့ကြုံခံစားနိုင်သည်။ ကျွန်ုပ်တို့သည် မိမိတို့အတ္တစိတ်ကို ဖယ်ရှားပြီး ကျွန်ုပ်တို့၏ ဘေးပတ်ဝန်းကျင်တွင် ရှိနေသောသူတို့ကို အပြုံးမျက်နှာများ၊ စိတ်သဘောထား ကောင်းမြတ်ရက်ရောခြင်း၊ သနားစုံမက်ခြင်း၊ အစေခံခြင်း၊ နားလည်ပေးခြင်း၊ ခွင့်လွှတ်ခြင်းများအားဖြင့် ဘုရားသခင်၏ မေတ္တာတော်သည် ကျွန်ုပ်တို့အားဖြင့် အခြားသော သူများပေါ်တွင် ဆက်လက်၍ စီးဆင်းနေသည်။

ကျွန်ုပ်တို့အများစုအတွက် တွေ့ကြုံနေရသော အခက်အခဲမှာ ချစ်ခြင်းမေတ္တာ၏ အရင်းအမြစ် ဖြစ်သော ဘုရား (သန့်ရှင်းသော ဝိညာဉ်တော်) နှင့် ထိတွေ့ဆက်ဆံရန် အတွက် မိမိကိုယ်ကို ဖြည်းညင်းစေပြီး တိတ်ဆိတ်စွာ နေခြင်းဖြစ်သည်။ ဤသို့ဖြင့် မိမိတို့၌ရှိသော အတွင်းအတ္တသဘောအမှန် တကယ်ပြောင်းလဲလာပြီး ထိုမေတ္တာတရား စီးဆင်းသော လမ်းကြောင်းအဖြစ် တွေ့ကြုံခံစားစေသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်က အချိန်တစ်ခုချင်း စီတိုင်းတွင် ပြောဆိုသော စကားသံကို ကြားနိုင်ရန်အတွက် အကူအညီ အဖြစ် ဝိညာဉ် ပိုင်းဆိုင်ရာ လုပ်ဆောင်လေ့ကျင့်မှုများကို ဖွံ့ဖြိုးတိုးတက်စေရမည်။ ဘုရားသခင်၏ အသံတော်ကို ကြားရသည့်အခါ ထိုသွေးဆောင်မှုနောက်သို့ လိုက်လျှောက်နိုင်ရန် အတွက် ချစ်ခြင်းမေတ္တာ၏ အရင်းအမြစ်ဖြစ်သော ထိုဘုရားထံတွင်ပင်လျှင် လိုအပ်သောပညာ၊ အလိုဆန္ဒ၊ ခွန်အားနှင့် ရဲရင့်ခြင်းတို့ကို ရယူကြရမည်။

## ထိုအရပ်သို့ သင်မည်သို့ ရောက်ရှိမည်နည်း

ဤစာအုပ်တွင် သင်၏ဘုရားသခင်နှင့် ပေါင်းသင်ဆက်ဆံမှု တိုးတက်ကြီးထွားစေသည့် နည်းလမ်းများနှင့် ဝိညာဉ်တော်နှင့်အတူ လျှောက်လှမ်းသည့် အသက်တာသည် မည်သို့မည်ပုံဖြစ်ခြင်းနှင့် မည်သည့်ခံစားမှုရှိခြင်းတို့ကို ဖတ်ရှုရမည်။ သို့သော်လည်း၊ အံ့ဩစရာအချို့အတွက်လည်း အဆင့်သင့် ပြင်ဆင်ထားပါ။ သင့်အကြောင်းကို များများ လေ့လာ နိုင်ရန်နှင့် သင့်အတွက်အထူး လိုအပ်သည့် ဝိညာဉ်တော်က ဖော်ပြမည့် သမ္မာတရားကို ကြားနာရန်အတွက် မျှော်လင့်ပြင်ဆင်ထားပါ။ ဥပမာအားဖြင့် သန့်ရှင်းသော ဝိညာဉ်၏ အသံတော်ကို ပို၍ကောင်းမွန်စွာ ကြားနာတတ်လာခြင်းဖြင့် တွေ့ရှိလာသည့်အရာမှာ ဘုရားသခင်၏ ဦးဆောင်မှုကို သိရှိနိုင်ရန်အတွက် အဟန့်အတား ဖြစ်စေသည့်အရာမှာ ဘုရား

သခင်ဘက်မှာ ဆက်သွယ်ပြောဆိုမှု မရှိသောကြောင့် မဟုတ်ဘဲ ကျွန်တော်တို့ ကိုယ်၌က သာလျှင် ဘုရား၏ လမ်းကြောင်းကို ကာဆီးနေသောကြောင့်ဖြစ်သည်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် မတုန်မလှုပ်ဘဲ အလွန်နေနိုင်သည်။ မကြာခဏဆို သလိုပင် အလွန် ချုပ်ချယ်ထားတတ်ကြသည်။ တစ်ခါတရံ အကြောက် လွန်တတ်ကြပြီး ကျန်အချိန်များတွင် အလွန်ခေါင်းမာတတ်ကြသည်။ ကျွန်ုပ်တို့အချို့တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ သွေးဆောင်မှုနောက်ကို သာမန်ရိုးရိုးလေး လိုက်လျှောက်ရမည့်အစား အရာရာအားလုံးကို သိမြင်နားလည် သဘောပေါက် လိုစိတ်ကြောင့် အတွေးလွန်ပြီး ဘဝ တစ်ခုလုံးရှုပ်ထွေးပြီး သေစေတတ်ကြသည်။ ကျွန်ုပ်တို့ရှိ အခြားသူတို့မှာမူ စိတ်ခံစားမှုများ နှင့်ရာသို့ အလွန်အကျွံလိုက်ကာ ဟန်ချက်မညီဘဲ လမ်းလွဲသွားခြင်း သို့မဟုတ် ခံစား ချက်ကို အခြေခံပြီး မှားယွင်းသော ကောက်ချက်များကို ချမှတ်မိတတ်ကြသည်။ မကြာ ခဏ၊ ဘုရားသခင်က ကျွန်ုပ်တို့ကို ပြောကြားချင်သောအရာကို မကြားလို၍ သို့မဟုတ် ကျွန်ုပ်တို့ နားလည်ခံယူထားသည့် ထင်မြင်ယူဆချက်များနှင့် မကိုက်ညီသော အရာကို ခံယူရန် အလေ့အကျင့် မရှိသောကြောင့် ဝိညာဉ်တော်ကိုမကြားဘဲ သင့်လျှော်သော တုံ့ ပြန်မှုကို မပေးနိုင်ကြပါ။ ကျွန်ုပ်တို့သည် မိမိတို့၏အလိုနှင့် စိတ်ဆန္ဒတို့ကို အလွန် တွယ် တာစွဲလန်းနေခြင်းလည်း ဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ဒေါသနှင့် ခံပြင်းနာ ကျည်းမှုများကိုသာ စွဲကိုင်နေခြင်းလည်း ဖြစ်နိုင်သည်။ ခရစ်တော်ကို ချစ်သည်ထက် ကျွန် တော်တို့၏ ဖြစ်တည်နေသည့် အသက်တာနှင့် အရာရာကို မိမိတို့အမြင်ဖြင့် ရှုမြင်ခြင်းကို သာ၍ နှစ်သက်နေခြင်းလည်း ဖြစ်နိုင်သည်။ မည်သည့် အကြောင်းပြချက် ပင်ဖြစ်စေကာ မူ ကျွန်ုပ်တို့၏ ကြီးထွားမှုအတွက် အဟန့်အတား ဖြစ်စေသည့်အရာမှာ ကျွန်ုပ်တို့အနေ ဖြင့် မပြောင်းလဲချင်သောကြောင့် သာလျှင်ဖြစ်သည်။

အခြားသော ကျွန်ုပ်တို့အတွက်မှာမူ ကိုးစားခြင်းသည် အဓိကကျသော သော့ချက် ဖြစ်သည်။ ကျွန်ုပ်တို့သည် လောင်မြိုက်ခြင်း၊ စိတ်ဓါတ်ကျဆင်းခြင်း၊ နာကျင်ခြင်းနှင့် ရှုပ် ထွေးခြင်းတို့ကို ခံစားခဲ့ကြရသည်။ ဘုရားသခင်ကို ကိုးစားခဲ့သော်လည်း အခြေအနေ သည် မိမိတို့ ထင်မှတ်ထားသကဲ့သို့ ဖြစ်မလာခဲ့ပါ။ ထိုကြောင့် ထပ်မံတစ်ခါ ကြောက်ရွံ့ ပြီး မကိုးစားရဲတော့ပါ။ သို့မဟုတ် ဘုရားသခင်၏ နည်းလမ်းသည် ကျွန်ုပ်တို့ နည်းလမ်း ထက် ပိုကောင်းသည် ဆိုခြင်းကို မယုံကြည်နိုင်တော့ပါ။ ဦးနှောက်အတွေးအခေါ်အရ ဘုရားသခင်၏ နည်းလမ်းသည် အကောင်းဆုံး ဖြစ်သည်ကို အတည်ပြု၍ရသည်။ ဘု ရားသခင်၏ အလိုတော် ပြည့်စုံပါစေဟုလည်း ဆုတောင်း လိုက်ကြသေးသည်။ သို့သော် လည်း ကျွန်ုပ်တို့၏ အတွင်းသဘောတွင်မူ မိမိတို့၏ လမ်းကိုဖယ်ရှားပြီး ဝိညာဉ်တော်၏ ဦးဆောင်မှုနောက်လိုက်ရန်အတွက် ဘုရားသခင်အပေါ် လုံလောက်သော ကိုးစားခြင်း မရှိ ကြပါ။

သတင်းကောင်းမှာ အားလုံးအတွက် မဟုတ်သော်လည်း ဤကိစ္စများ၏ အများစုနှင့် အခက်အခဲများအတွက် အလွန်နီးစပ်လာပြီး ထင်ထားသည်ထက် ပို၍အခွင့်အလမ်းများ ရှိနေပြီဖြစ်သည်။ ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံရေး တိုးတက်ရန်အတွက် အလွန်အရေး ကြီးဆုံးသောအရာမှာ မိမိကိုယ်ကို မကြည့်ဘဲ ဘုရားသခင်ကို မျှော်ကြည့်ရန်ဖြစ်သည်။ တစ်စုံတစ်ခု ဖြစ်လာရန်အတွက် လေ့လာခြင်းအရာ၌ အလွန်အကျွံ အာရုံမပြုခြင်း သို့မဟုတ် တစ်စုံတစ်ရာ များလာအောင် မည်သို့လုပ်ဆောင်မည်နည်း (ဥပမာ၊ ယုံကြည်ခြင်းများလာအောင်၊ ပိုမို၍သစ္စာရှိလာအောင်) ဆိုသည့်အရာမဟုတ်ပါ။ သော့ချက်ဖြစ်သည် ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းခြင်းသည် အလွန်ပင် ရိုးရှင်းသောအရာဖြစ်သည်။ ထိုအရာမှာ ဘုရားသခင်သည် မိမိတို့ကို အကြည့်အရှုကြွလာမည် ဆိုသည်ကို ကိုးစားယုံကြည်ပြီး မိမိတို့ဘက်မှ သူ့အား လက်ကမ်းပေးခြင်းသာဖြစ်ပြီး (ယာ ၄း၈၊ ဟေဗြဲ ၄း၁၆) ထိုဘုရားရှင်သာလျှင် မိမိတို့ကို ပထမဦးဆုံး ဆွဲခေါ်ပေးသောသူအဖြစ် ကိုးစားခြင်းဖြစ်သည်။ ထိုအရာသည် အထူးသဖြင့် သခင်ခရစ်တော်ကို ဘေးဖယ်ထား၊ လျစ်လျူရှုထားခဲ့ မိသည့် မိမိတို့၏ အသက်တာ နေရာများကို ပြန်လည် ဆက်ကပ်အပ်နှံခြင်းဖြစ်ပြီး သင်နှင့် ခရစ်တော်တို့၏ ပေါင်းသင်းဆက်ဆံခြင်းနှင့် အခြားအခန်းကဏ္ဍအားလုံးတွင် ရှေးဦးစွာ ခရစ်တော်နှင့် သူ၏နိုင်ငံတော်ဖြစ်သည့် ကျေးဇူးတော် အုပ်စိုးအသက်ရှင်ရန် တောင်းလျှောက်ခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် ပြောရလျှင် ယခုအချိန်တွင် သင်၏ ဝိညာဉ်ရေးရာ အသက်တာအတွက် အကောင်းဆုံး လုပ်နိုင်သောအရာသည် ရှုပ်ထွေးမှုကို နည်းပါးအောင် လုပ်ဆောင်ခြင်းဘဲ ဖြစ်ပါသည်။ သင် တည်ဆောက်ထားခဲ့သည့် စိတ်ပိုင်းနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ တားဆီးပိတ်ဆို့မှုများ အားလုံးကို ဖယ်ရှားလိုက်ပါ။ လေကို ပြင်းပြင်းလေး အနည်းငယ် ရှူရှိုက်လိုက်ပါ သို့မဟုတ် ပြင်းပြင်းနှင့် များများရှူပေးလိုက်ပါ။ သက်တောင့်သက်သာနေပါ။ သင့်ဘုရားသခင်သည် ကောင်းမြတ်သော ဘုရားဖြစ်ပြီး ကောင်းသည့် ဆုကျေးဇူးများကို ပေးတတ်သည့် ဘုရားဖြစ်သည်ကို သတိရပါ[3]။ မွေသီချင်းက ပညာရှိစွာ အားပေးတိုက်တွန်းထားသကဲ့သို့ သင့်မျက်စိကို သခင်ယေရှုဘက်သို့ လှည့်ကြည့်လိုက်ပါ။ ဝိညာဉ်တော်၏ အသံကို လတ်ဆပ်သော နည်းလမ်းဖြင့် ကြားနာရန်အတွက် သင့်ကိုယ်သင် ဖွင့်ဟပေးလိုက်ပါ။

သန့်ရှင်းသော ဝိညာဉ်တော်က ဘုရားသခင်နှင့် သင်တို့၏ ပေါင်းသင်းဆက်ဆံခြင်း၏မူလ အခြေခံအုတ်မြစ်သို့ ပို့ဆောင်ပါစေ။ ထိုဝိညာဉ်တော်သည် ဘုရားသခင်၏ အခြေအနေမဲ့ ဥဿုံချစ်ခြင်းမေတ္တာ၊ သနားခြင်းဂရုဏာတော်နှင့် ကျေးဇူးတော်၊ ခရစ်တော်၏ သင်နှင့် တစ်ကမ္ဘာလုံးအတွက် ကိုယ်စားခံခဲ့သည့် မေတ္တာနှင့် သန့်ရှင်းစင်ကြယ်ခြင်း၊ သင်၏ အသက်တာဟောင်းရှိ အသိစိတ်ထဲသို့ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် မှုတ်

[3] လုကာ ၁၁း၁၃၊ ယာကု ၁း၁၇ တို့ကိုကြည့်ပါ။

သွင်းလိုက်သည့် အသက်ဆီသို့ ပို့ဆောင်ပါစေ။ သင့်ကိုယ်သင် ပြုပြင်ရန်အတွက် ပို၍ ကြိုးစားအားထုတ်ပြီး လုပ်ဆောင်နေမည့်အစား သင်၏ စိတ်နှလုံးတွင်းသို့ သန့်ရှင်းသော ဝိညာဉ်တော် ၏ လန်းဆန်းသော သွန်းလောင်းခြင်းကို ခံစားရရှိရန် အတွက် ဘုရားသခင် အနီးပါးသို့ တိုးဝင်ချဉ်းကပ်ပါ။ သင်ကိုယ်တိုင် မလုပ်ဆောင်နိုင်သော အမှုကို သန့်ရှင်း သောဝိညာဉ်တော်က လုပ်ဆောင်ပေးရန် တောင်းလျှောက်ပါ။

အစပြုရမည့် နေရာမှာ သင်က လူတစ်စုံတစ်ဦးနှင့် ကောင်းမွန်သော ပေါင်းသင်း ဆက်ဆံမှု တစ်ခု ရရှိရန်အတွက် အစပြုလုပ်ဆောင်သည့် နေရာကဲ့သို့သာလျှင် ဖြစ်သည်။ သင်သည် အခြားတစ်ဦးနှင့် အချိန်ပေးတွေ့ဆုံပြီး တစ်ဦးကိုတစ်ဦး ပိုမိုနီးကပ် ရင်းနှီး ကျွမ်းဝင် လာစေရန် အာရုံစိုက် လုပ်ဆောင်မည်။ ဤ ပေါင်းသင်းဆက်ဆံမှု ပိုမိုကောင်း မွန်လာစေရန်နှင့် သင့်အတွက် အဘယ်ကြောင့် အရေးပါသည်ကို သင့်စိတ်ထဲတွင် စဉ်း စားမည်။ သင်သည် အခြားသူတစ်ယောက် အတွက် မိမိကိုယ်ကို ဖွင့်ဟ၍ပေးထားသည်။ အတတ်နိုင်ဆုံး သင်သည် မိမိကိုယ်ကို ပွင့်လင်းမြင်သာအောင် အရိုးသားဆုံး ဆက်ကပ် ကြိုးစားမည်။ သင်သည် ထိုပေါင်းသင်းဆက်ဆံခြင်းကို အနှောက်အယှက်ဖြစ်စေသည့် ပြဿနာများ၊ အကြောင်းကိစ္စရပ်များ သို့မဟုတ် မေးခွန်းများကို ပွင့်လင်းစွာ ပြောဆိုချင် သည်။ သင်သည် သင့်စိတ်နှလုံးတွင်း ထားရှိသော မျှော်လင့်ခြင်းများ၊ အိမ်မက်များနှင့် အတူ တမ်းတခြင်းများကို ထုတ်ဖော်ပြပြီး မိမိကိုယ်ကို ထိလွယ် ခိုက်လွယ်အောင် လုပ် မည်။ အကယ်၍ ထိုပေါင်းသင်းဆက်ဆံမှုသည် အလွန် သက်တောင့်သက်သာ မရှိလှပါက သင်စဉ်းစားပြီး အခြားသူက သင့်ကို မည်သို့ ချစ်စေလိုကြောင်းနှင့် ထိုအချစ်ကို သင်က မည်သို့ တုံ့ပြန်လိုကြောင်း စသည့် ချစ်မေတ္တာအကြောင်းတို့ကို ပြောမည်။

ခရစ်ယာန်တို့၏ နေ့စဉ် အသက်တာတွင် ဘုရားသခင်အား "ဟုတ်ကဲ့" ဟု မည်သို့ ထူးရမည်ကို သင်ယူလေ့လာရန် အလွန် လိုအပ်ပါသည်။ အထူးသဖြင့် အလွန် အရေးနှင့် အကြောင်း ဖြစ်နေသည့် အခြေအနေမျိုး သို့မဟုတ် ကိုင်တွယ်ရန် အလွန်ခက်ခဲသည့် အလား ခံစားရသည့် အချိန်တွင်ဖြစ်သည်။ ဆက်ဆံပေါင်းသင်းမှုများနှင့် အခြေအနေများ အာလုံးတို့တွင် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြဦးဆောင်ခြင်းကို သိမြင်စေရန် လေ့ လာသင်ယူမှုကို ပို၍ပြုလေ ပို၍ သက်တောင့် သက်သာဖြစ်မှုကို ခံစားလေဖြစ်ပြီး လက်ရှိ အချိန်တွင် တွေ့ကြုံနေရသော အရေးကြီးဆုံးသော အရာကို ပိုမို၍ အရေးစိုက်လုပ်နိုင် လေဖြစ်သည်။ ကျွန်ုပ်တို့သည် ပိုမိုလွတ်လပ် ပြည့်စုံပြီး ကြီးမားသည့် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို ခံစားရမည်။ နောက်ဆုံးတွင် အခြားသူများကို ထိရောက်စွာ ချစ်ခြင်းနှင့် အသီးသီးသော ခရစ်တော်ကို အစေခံခြင်းသည် သာ၍သာ၍ တိုးတက်ကြီးထွား လာမည်။

ဤစာအုပ်သည် အထောက်အကူပြု ဖြစ်စေရန် မည်သို့ ကြံရွယ်ထားသနည်း

ဤစာအုပ်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို သာ၍ နားထောင် တတ်စေရန်နှင့် ထို ဝိညာဉ်တော်နှင့် အတူလှုပ်ရှားခြင်း အကြောင်းဖြစ်သည်။

ဤသည် ဝိညာဉ်တော်နှင့် လျှောက်လှမ်းခြင်းနှင့် ထိုသို့သော အသက်တာကို မည်သို့ရရှိစေရန် လက်တွေ့ကျသည့် အားကိုးအားထားပြုရာ ဖြစ်သည်။ ဝိညာဉ်ရေးရာ အသက်တာ ပြောင်းလဲစေရန်အတွက် ရိုးရှင်းစွာ စီစဉ်ပြုလုပ်ထားပြီး ဓမ္မအတွေးခေါ်ပိုင်းဆိုင်ရာ လေ့ကျင့်သင်တန်း ဆင်းသောသူများအတွက်နှင့် ထိုသို့ သင်တန်းဆင်း မဟုတ်သော သူတို့အတွက်ပါ အဆင်ပြေအောင် စီစဉ်ပြုလုပ်ထားပါသည်။ ဤစာအုပ်သည် မိမိကိုယ်တိုင် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာနှင့် ဝိညာဉ်ရေးဆိုင်ရာ ကြီးထွားလိုသောသူနှင့် ခရစ်ယာန်တို့၏ လမ်းစဉ်ကို လျှောက်လှမ်းလိုသောသူ အားလုံးအတွက်ဖြစ်သည်။ မိမိတို့အသက်တာတွင် ကန့်သတ်ချက်များနှင့် ကိုယ်တိုင် ဆုံးရှုံးမှုများကို တွေ့ကြုံ ခံစားနေရသူများ အတွက်လည်းဖြစ်ပြီး၊ မိမိတို့လက်ရှိ ရောက်ရှိနေသော အရပ်မှ ရှေ့ဆက်ရန် အတွက် လက်တွေ့ကျသော အကြံပြုချက်များနှင့် လန်းဆန်းသည့် ရှင်းလင်းသော ထိုးထွင်းဉာဏ်တို့ကိုလိုအပ်သောသူ၊ မိမိတို့က ဖန်တီးလိုက်မိသည့် ဒုက္ခန္ဓိတွင်းထဲမှ ရုန်းထွက် လွတ်မြောက်လိုသူများ အတွက်လည်း ဖြစ်သည်။ ဤစာအုပ်သည် အသစ်သော နည်းလမ်းများဖြင့် အသက်ရှင် ရန်အတွက် စိတ်ထက်သန်သောသူနှင့် နံရံနှင့် ထိပ်တိုက် ရင်ဆိုင်ကြုံတွေ့နေရပြီး အင်အားနှင့် အစွမ်းအစကုန်ခမ်းပြီး မည်သို့ ရှေ့ဆက်ရမည့်ခြေလှမ်း လှမ်းရမည်ကို မသိသလို ခံစားနေရသောသူ နှစ်ရပ်စလုံးအတွက်လည်း ဖြစ်သည်။

ဤစာအုပ်သည် သဘာဝလွန် ရူပါရုံများနှင့် ဝမ်းမြောက်ပီတိဖြစ်ပြီး တောင်ကုန်းမြင့်ပေါ် ရောက်ရှိသကဲ့သို့သော ဝိညာဉ်ရေးရာ အောင်ပွဲခံသည့် တွေ့ကြုံခံစားချက်များ အကြောင်းများမဟုတ်ပါ။ သို့သော်၊ ဝိညာဉ်တော်၏ အသံတော်ကို ကျွန်ုပ်တို့၏ သာမန်နေ့ရက်စဉ်တိုင်းတွင် မည်သို့ ကြားနာသိရှိနိုင်သည်ကို လေ့လာသင်ယူခြင်းဖြစ်သည်။ ဘုရားသခင်အတွက် “ဟုတ်ကဲ့” ဟုဝန်ခံသည့် အသက်တာကို ဖန်တီးတည်ဆောက်ခြင်းဖြစ်သည်။ အခန်းတစ်ခုချင်းစီတိုင်းတွင် ဆွေးနွေးတင်ပြထားသည့် ဝိညာဉ်ရေးဆိုင်ရာ လေ့ကျင့်လုပ်ဆောင်မှုများက ဘုရားသခင်သည် သင့်အသက်တာတွင် မည်သို့အလုပ်လုပ်ဆောင်နေသည်ကို ပိုမိုကောင်းမွန်စွာ မြင်တတ်လာစေမည်ဖြစ်ပြီး ထိုဘုရားရှင်အား မည်သို့ ပိုမို၍ ပြည့်ဝစုံလင်ပြီး လွတ်လပ်စွာ တုံ့ပြန်နိုင်ရန်အတွက် အထောက်အကူပြု လိမ့်မည်။ *ဘုရားသခင်ကို ဟုတ်ကဲ့ထူးခြင်း* သည် သင်၏ အသက်တာကို နှိမ့်ချသောစိတ်နှင့် ယုံကြည်စိတ်ချစွာ တာဝန်ယူခြင်းနှင့် တစ်ချိန်တည်းတွင် ဘုရားသခင်၏ ကျေးဇူးတော်နှင့် သူ၏လုပ်ဆောင်မှုအပေါ် အမှီပြု၍ ဝိညာဉ်တော်နှင့် အတူလှုပ်ရှား သွားလာခြင်းသည် ဘဝ၏ ရှင်သန်နေထိုင်မှု လမ်းစဉ် တစ်ခုကဲ့သို့ သွားလာ အသက်ရှင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်မှန်းထားပါသည်။ အခန်းတိုင်းရှိ အကြောင်းအရာများသည် ဝိညာဉ်ရေးရာအသက်တာ လမ်းညွှန်မှုကို ခံယူခဲ့သူများနှင့် လွန်ခဲ့သောနှစ်များတွင် ကျွန်ုပ်ဆွေး

နွေးလမ်းညွှန် ပေးခဲ့သူတို့၏ လက်တွေ့ဘဝအတွေ့ အကြုံများမှ ကောက်နုတ်တင်ပြ ထားခြင်းဖြစ်ပါသည်။ ဝိညာဉ်တော်ကို နားထောင်ခြင်းနှင့် သူနှင့်အတူလက်တွဲ လုပ်ဆောင်ခြင်းသည် နေ့စဉ်အသက်တာတွင် အမှန်တကယ်ပင် ရှိကြောင်း ကာယကံရှင်များထံမှ ခွင့်ပြုချက်ဖြင့် ဥပမာများပေးရာတွင် ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

*ဘုရားသခင်ကို ဟုတ်ကဲ့ ထူးခြင်း၊ ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းခြင်း* သည် ဤစာစဉ်ထုတ်ဝေခြင်း၏ တတိယစာအုပ်ဖြစ်ပြီး၊ စာဖတ်ပရိတ်သတ်များသည် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်နှင့် မျက်မှောက်တော်တို့ကို လက်တွေ့ကျသော နည်းလမ်းများဖြင့် ရယူခံစားနိုင်ရန် အတွက် စီစဉ်ပေးထားပါသည်။ ပထမစာစောင်ဖြစ်သည့် *ဝိညာဉ်တော် ဦးဆောင်သော ခေါင်းဆောင်၊ ခေါင်းဆောင်မှု ကျင့်ထုံးများနှင့် လူ့ကျင့်ဝတ်သိက္ခာ အခြေခံသဘောတရားများ*သည် အခွင့်အာဏာရှိပြီး ဝိညာဉ်တော်က ဦးဆောင်သော ခေါင်းဆောင်နေသော တစ်ဦးသည် ဘုရားသခင်နှင့်ထားရှိသော အသက်ရှင်သည့် ပေါင်းသင်းဆက်ဆံမှုကို မည်သို့ ကြီးထွားတိုးတက်စေခြင်းနှင့် ဘုရားသခင်အား ထိရောက်စွာ အစေခံခြင်းတို့ ကို အလေးပေး ဖော်ပြထားပါသည်။

ဒုတိယစာအုပ်ဖြစ်သည့် *တစ်ကြိမ်လျှင် ခြေတစ်လှမ်းချင်း လှမ်းခြင်း- ဘုရားဖူးတစ်ယောက်အတွက် ဝိညာဉ်တော် ဦးဆောင်မှုဖြင့် အသက်ရှင်နေထိုင်ရန် လမ်းညွှန်*သည် စပိန်နိုင်ငံ၏ မြောက်ပိုင်းရှိ *Camino* သို့မဟုတ် *El Camino de Satiago de ompo- stela* ဟုလည်းခေါ်သည့် ဒေသနှင့် the Way of Saint James ခေါ် သူတော်စင်ဂျိမ်း(စ်) လမ်းတွင် ကျွန်တော်တို့မိသားစု မိုင်တိုင် (၅၀၀) ကျော် လမ်းလျှောက်သွားခဲ့စဉ်က ရရှိခဲ့သည့် အတွေ့အကြုံကို အခြေခံပြီး ရေးဖြစ်ခဲ့ခြင်းဖြစ်သည်။ ထိုစာအုပ်၏ ရည်ရွယ်ချက် ပန်းတိုင်မှာ ခရစ်ယာန်များအနေဖြင့် သူတို့၏ ဝိညာဉ်ရေးရာ လမ်းခရီးကို ရှင်သန်ဖြတ်ကျော်သွားနိုင်ရန်နှင့် ထိုလမ်းခရီးကို ပိုမိုနားလည် သဘောပေါက်ရန် ဖြစ်သည်။ ထိုစာအုပ်ထဲတွင် လှံ့လဝိရိယရှိသော ခရစ်ယာန်ဘုရားဖူး တစ်ယောက်သည် မသဲမကွဲ လှုပ်ရှားနေသည့် ဝိညာဉ်တော်၏ လမ်းပြမှုမှ ဝိညာဉ်ရေးရာ အမှန်တကယ် တိုးတက်လာခြင်းနှင့် မိမိကိုယ်တိုင် အသွင်ပြောင်းလဲမှုအတွက် လိုအပ်သော အဆင့်ဆင့်တို့ကို ဖော်ပြထားရှိပါသည်။ One step at a time ခေါ် တစ်ကြိမ်လျှင် ခြေတစ်လှမ်းချင်းလှမ်းခြင်း စာအုပ်ရှိ အခန်းများတွင်လည်း တစ်စုံတစ်ဦးအနေဖြင့် သုံးပါးတစ်ဆူ ဘုရားဖြစ်သော ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ် တော်ဘုရားနှင့် လေးနက်ပြီး နက်ရှိုင်းသော တစ်ဦးချင်းပေါင်းသင်းဆက်ဆံမှုကို မည်သို့ ဖွံ့ဖြိုးတိုးတက်စေနိုင် သည့် အရာကို ဖော်ပြထားပါသည်။

တတိယမြောက်ဖြစ်သော ဤစာအုပ်သည် လက်တွေ့ နားထောင်ခြင်း၏ အခွင့်တန်ခိုးနှင့် အားကိုးအားထားပြုခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် နေ့စဉ်နေ့တိုင်း ပူးပေါင်းလုပ် ဆောင်ခြင်းတို့ကို ပိုမိုလေးနက်စွာ ဖော်ပြထားပါသည်။ ထိုစာအုပ်သည် ရင့်ကျက်သည့် သို့မဟုတ် ရင့်ကျက်လာနေသော ခရစ်ယာန်များ ဘုရားသခင်၏ အသံတော်

ကို ပိုမို သိမှတ် တတ်လာပြီး နည်းလမ်းများစွာဖြင့် ဝိညာဉ်တော် ဦးဆောင်မှုနောက် လိုက် လျှောက်နိုင်သည့် အစွမ်းအစ ကြီးထွားလာစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဤစာအုပ် သည် ဘုရားသခင်အား သိခြင်း၊ ချစ်ခြင်းနှင့် အစေခံခြင်းတို့အတွက် အတားအဆီးများနှင့် တစ်ဦးချင်း၌ရှိသော အကန့်အသတ် တံတိုင်းများကို ဖြိုဖျက်ပေးသော လတ်ဆတ်သည့် ဉာဏ်ပညာဖြစ်သည်။ အဓိက ရည်ရွယ်ချက်မှာ ယုံကြည်သူများသည် ပိုမိုပြည့်ဝပြီး ဝိညာဉ် အသီးသီးသည့် ခရစ်တော်ဗဟိုပြု ဝိညာဉ်တော် ဦးဆောင်သော အသက်တာတွင် အ သက်ရှင်နိုင်ရန် ကူညီပေးခြင်းဖြစ်သည်။

## ဘုရားသခင်အား "ဟုတ်ကဲ့" ထူးခြင်း

ဤစာအုပ်ကို အပိုင်းနှစ်ပိုင်းခွဲထားပါသည်။ အခန်းတစ်ခုချင်းစီတိုင်းတွင် ဝိညာဉ်နှင့် အတူ လျှောက်လှမ်းရန်အတွက် သို့မဟုတ် ထိုသို့လျှောက်လှမ်းနိုင်ရန်အတွက် တိကျသည့် လုပ် ဆောင်မှု ခြေလှမ်းများကို ပေးထားပါသည်။ ပထမပိုင်းတွင် ဘုရားသခင်ကို နားထောင် ခြင်းသည် အလွန်အရေးကြီးခြင်းနှင့် ဝိညာဉ်တော်၏ နှိုးဆော်ခြင်းကို မည်သို့ပူးပေါင်း လုပ် ဆောင်ရမည် တို့ကို အဓိကထား ဖော်ပြထားပါသည်။ ဒုတိယအပိုင်းတွင်မူ အထူးသဖြင့် စိတ်ပျံ့လွင့်ခြင်း၊ စိတ်ဓါတ်ကျဆင်းခြင်းနှင့် ခက်ခဲမှုများတွေ့ကြုံရပြီး သင့်၏ ဆက်ကပ်မှု များ၊ ယုံကြည်ခြင်းနှင့် အရင်းခံအကြောင်းများ လွဲချော်ပျောက်ကွယ် သွားတော့ မည်အ လား ခြိမ်းခြောက်ခံရသောအခါမျိုးတွင် ဝိညာဉ်တော်နှင့် အတူမည်သို့လျှောက်လှမ်းရမည် ဆိုသည်ကို အဓိကထား ဖော်ပြထားပါသည်။

### အပိုင်း(၁)၊ ဝိညာဉ်တော်နှင့်အတူ လျှောက်လှမ်းခြင်းကို ရယူခြင်း

၁။ နားထောင်ပြီး ပူးပေါင်းဆောင်ရွက်ပါ။ ဝိညာဉ်တော် ဦးဆောင်သည့် အသက်တာ ၏ အခြေခံကျသောအရာမှာ ဘုရားသခင်ကို နားထောင်ခြင်းနှင့် ဝိညာဉ်တော်၏ ဦးဆောင်မှုကို မည်သို့မဆို ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် မကြာခဏဆိုသလို ကျွန်ုပ်တို့ တစ်ယောက်ချင်းစီတိုင်းကို စကား ပြောနေသည် ဆိုသည်ကို မျှော်လင့်ထားသင့်သည်။ ပုံမှန်အားဖြင့် ကြားနိုင်သည့် အသံအားဖြင့် မဟုတ်သော်လည်း မကြာခဏဆိုသလိုပင် သိမ်မွေ့စွာဖြင့် ပြောဆို တတ်သည်။ မည်သို့ဆိုစေကာမူ ကျွန်ုပ်တို့ကို နှိုးဆော်သည့် အရာသည် မိမိတို့၏ ထင်မှတ်ယူဆခြင်း သို့မဟုတ် အစီအစဉ်အတိုင်း မလာပါ။ တစ်ခါတစ်ရံ မိမိတို့၏ အလိုဆန္ဒများနှင့် ဆန့်ကျင်ဘက်လည်း ဖြစ်နေတတ်သည်။ ကျွန်တော်တို့၏ အပိုင်း မှာ မည်သည့်အရာကို ကြားသည်ဖြစ်စေ ၎င်းနှင့်အလိုက်သင့် တုံ့ပြန်ရန် သာလျှင် ဖြစ်သည်။ ကျွန်တော်တို့၏ စိတ်ထဲတွင် ပေါ်လာသော အတွေးများနောက်သို့ မျက်

စိစုံမှိတ်ပြီး လိုက်ရန်မဟုတ်ဘဲ ပူးပေါင်းလုပ်ဆောင်လိုသောစိတ်ဖြင့် တွေးတော ခံစားပြီး ဝိညာဉ်တော်၌ လှုပ်ရှားမှုနှင့် ဘုရားသခင်၏ အလိုတော်နှင့် ကိုက်ညီမည့် လုပ်ဆောင်မှုကို အကောင်းဆုံး ခွဲခြားသိမြင်ပြီး ရွေးချယ်ခြင်းပင်ဖြစ်သည်။ (အခန်း ၁)

၂။ နှိမ့်ချပြီး စိတ်နှလုံးတံခါးကို ဖွင့်ထားပါ။ ဝိညာဉ်တော် ဦးဆောင်သော ခရစ်တော် နောက်လိုက် တစ်ယောက်အဖြစ် ပို၍ ယုံကြည်စိတ်ချမှုရှိပြီး သက်တောင့်သက်သာ ဖြစ်လာစေရန်အတွက် ဝိညာဉ်တော်ကို လက်ခံရန်အသင့်ဖြစ်သော အသိဉာဏ် နှင့် စိတ်နှလုံး သဘောကို ကျွန်ုပ်တို့ ဝတ်ဆင်ထားကြရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့တော်မှောက်၌ နှိမ့်ချရမည်။ ဝိညာဉ်တော်ကကျွန်ုပ်တို့ကို ပြော ကြားလိုသော မည်သည့်အရာအတွက်မဆို ရိုးသားပွင့်လင်းသည့် အနေအထားမှ ဘုရားရှင်ထံ ချဉ်းကပ်ရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာများ အတွက်ထားရှိသည့် ကောင်းသောရည်ရွယ်ချက်များနှင့် ကိုက်ညီသော တုံ့ပြန်မှုကို ပေးမည်ဟု ကိုးစားယုံကြည်ထားရမည်။ (အခန်း ၂)

၃။ ခွဲခြားသိမြင်ပါ။ မည်မျှပင် စိတ်လှုံ့ဆော်မှုကို ခံစားရသည် ဖြစ်စေ ဝိညာဉ်တော် ဦး ဆောင်သော အသက်ရှင် နေထိုင်ခြင်းသည် မိမိတို့၏ စိတ်ခံစားမှုများ အတွေးများ နှင့် မျှော်လင့်ချက်များကိုသာ အခြေခံ၍ ရှေ့တိုးလုပ်ဆောင်ခြင်း မဟုတ်ပါ။ ၎င်း အတွက် ပြန်လည်၍ သေချာစဉ်းစားတွေးခေါ် သုံးသပ်ခြင်းနှင့် ကျွန်ုပ်တို့၏ လွတ် လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်တို့ကို အသုံးပြု၍ ဘုရားသခင်အား ကြည်ညိုတန်ဖိုးထားမှု နှင့် ဦးစားပေးမှုများဖြင့် ရွေးချယ်ရန် လိုအပ်သည်။ ခွဲခြားသိမြင်ခြင်း ဖြစ်စဉ် တွင် ပုံမှန်အားဖြင့် ကျွန်ုပ်တို့ ကြားနေ မြင်နေရသော အရာများနှင့် လုံးပန်းရခြင်း၊ မိမိ တို့၏ အသက်တာကို မည်သို့အသက်ရှင် နေထိုင်သည်ကို ပြန်လည်သုံးသပ်ခြင်း၊ အရင်းခံအကြောင်းများကို ပြန်လည်စစ်ဆေးခြင်းနှင့် နောက်ဆုံးအနေဖြင့် အမှန် စင်စစ် လွတ်လပ်စွာ ရွေးချယ်နိုင်သည့် မတူညီသည့် ရွေးချယ်စရာ အများရှိသည် အထဲမှ ခက်ခဲသော ရွေးချယ်မှုပြုခြင်းတို့ ပါဝင်ပါသည်။ ကိစ္စရပ်များ ကို စူးစမ်း လေ့လာခြင်း၊ နှုတ်ကပတ်တော် ကျမ်းစာကို လေ့လာသင်ယူခြင်း၊ ကျွန်ုပ်တို့၏ တန် ဘိုးနှင့် ဦးစားပေးမှုများကို ကြည်လင်ပြတ်သားစေခြင်း၊ အမြင်မတူသော သူများ အပါအဝင် အခြားသူများနှင့် စကားပြောဆိုခြင်းဖြင့် ဝိညာဉ်တော် ဦးဆောင်ပြီး ပညာရှိသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့် အရည်အသွေး တိုးမြင့်ဖွံ့ဖြိုးပြီး ခရစ်တော်အား အရွယ်ရောက်သူများအဖြစ် အစေခံခြင်းဖြစ်သည်။ (အခန်း ၃)

၄။ “ဟုတ်ကဲ့” ဆိုသည့်အရာကို ဆက်ကပ်အပ်နှံထားပါ။ ဝိညာဉ်တော်က ကျွန်ုပ်တို့အား တွန်းအားပေးနေပြီး တစ်စုံတစ်ရာအတွက် လှုံ့ဆော်ခြင်းကို ခံရသောအခါ ကျွန်တော်တို့ဘက်မှ တုံ့ပြန်မှုကို ပြုရပါမည်။ ထိုနိုးဆော်မှုသည် အဘယ်သို့သော အရာဖြစ်သည်ကို ကျွန်ုပ်တို့ သိရှိရန်အတွက် အချိန်ပေးနားစွင့်ပြီး မည်သို့သော ပူးပေါင်းလုပ်ဆောင်မှုမျိုးကို လုပ်ဆောင်ရန်ဖြစ်သည်ကို စဉ်းစားဆုံးဖြတ်ရမည်။ အမှုတော်မြတ်အတွက် ခေါ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသွားပြီးနောက် ကျွန်ုပ်တို့၏ “ဟုတ်ကဲ့” ထူးသည့်အရာကို လက်တွေ့လုပ်ဆောင်ချက် မပြုလုပ်မချင်း နားနေရန်အချိန်မရှိပါ။ “ဟုတ်ကဲ့” ထူးခြင်းသည် လှုံ့ဆော်မှုနှင့် အခြေအနေများအပေါ် မူတည်၍ မတူညီကွဲပြားမှုရှိနိုင်ပါသည်၊ သို့သော် ၎င်းအတွက် ဆက်ကပ်အပ်နှံခြင်းနှင့် လုပ်ဆောင်မှုတို့သည် အမြဲပါဝင် နေမြဲဖြစ်သည်။ (အခန်း ၄)

၅။ သန့်ရှင်းသော ဘုရား၏ ချစ်ခြင်းမေတ္တာထဲမှာ စီးမျောလိုက်ပါ။ ဝိညာဉ်တော် ဦးဆောင်သည့် အသက်ရှင်မှု၏ အနှစ်ချုပ်ကို ပြောရလျှင် ချစ်ခြင်းမေတ္တာသာလျှင်ဖြစ်သည်။ ခရစ်တော်၏ နောက်လိုက်များဖြစ်ကြသည့် ကျွန်တော်တို့သည် အခြားသောသူများကို လေးနက်စွာချစ်ရန်အတွက် ခေါ်ထားခြင်းခံရသော သူများဖြစ်ကြပါသည်။ ထိုကဲ့သို့ ချစ်နိုင်ရန်အတွက် တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ တွင် သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် ဘုရားသခင်ထံမှ ချစ်ခြင်းမေတ္တာ တော်ကို သွန်းလောင်း ပေးသည်။ သင့်အား ဝိညာဉ်တော်က မည်သည့်အရာပင် ပြောပါစေ၊ မည်သို့ပင် ပို့ဆောင်ပါစေ ထိုအရာသည် ချစ်ခြင်းမေတ္တာနှင့် သက်ဆိုင်နေသည် ဆိုသည့်အရာကို စိတ်ချနေပါ။ ခရစ်တော်က အနက်ဖွင့် ရှင်းလင်းဖော်ပြခဲ့သော ဦးစားပေးမှုများဖြစ်သည့် ပြည့်ဝစွာအသက်ရှင်ခြင်း၊ လေးနက်စွာချစ်ခြင်း၊ ရက်ရောစွာပေးကမ်းခြင်းတို့၌ ပိုမိုအာရုံစိုက် အသက်ရှင်လေ သန့်ရှင်းသောဝိညာဉ်တော် မည်သို့တွေးခေါ်ပြီး ကျွန်တော်တို့အတွင်း၌ လှုပ်ရှားသည်ကို ပိုမို၍ ချိန်ကိုက် တတ်လေဖြစ်သည်။ (အခန်း ၅)

၆။ ချစ်ခြင်းမေတ္တာ ထားခြင်းကို လက်မလျှော့ပါနဲ့။ တစ်ခါတစ်ရံ အခြားသူများကို ချစ်ခြင်းသည် အလွန်ခက်ခဲသော အရာဖြစ်နေတတ်ပါသည်။ တစ်ချိန်ချိန်တွင် ထိုသို့ ချစ်နိုင်မည့်ဟန် လုံးဝမရှိသည်လည်း ရှိတတ်ပါသည်။ နာကျင်မှုကို ခံစားရသောအချိန်၊ အခြားသူနှင့် ကျွန်တော်တို့ကြားရှိ ပေါင်းသင်းဆက်ဆံမှု ပြိုကွဲသွားသောအချိန် သို့မဟုတ် ကာလကြာရှည် တင်းမာမှုများနှင့် သဘောကွဲလွဲမှုများ ရှိနေသောအချိန်တွင် ချစ်ခြင်းမခံစားရ သလို အခြားသူကို ခွင့်လွှတ်ခြင်း သို့မဟုတ် မေတ္တာပါသောလုပ်ဆောင်မှုကို လုပ်ဆောင်ရန် လုပ်ဆောင်နိုင်စွမ်းလည်း မခံစားနိုင်တော့ပါ။ သို့သော်၊ ၎င်းသို့သောအချိန်တွင် ဝိညာဉ်တော် ဦးဆောင်သည့် ချစ်ခြင်း

မေတ္တာသည် အမှန်တကယ် အလွန် လိုအပ်နေသည့် အချိန်အခါဖြစ်သည်။ ကျွန်တော်တို့သည် တစ်စုံတစ်ယောက်ကို ချစ်ရန် မည်သို့ပင် အလွန်ခဲယဉ်းသည် ဖြစ်စေ ထိုသူတို့ကို ချစ်ရန် ခရစ်တော်က မိန့်မှာထားခဲ့ပြီး သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုအမှုကို ပြုနိုင်ရန် ခွန်အားကိုပေးသည်။ (အခန်း ၆)

အပိုင်း(၂) ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းခြင်းကို ထိန်းသိမ်းခြင်း

၇။ အဆိုးကို အကောင်းဖြင့် အနိုင်ယူပါ။ တစ်ခါတစ်ရံ အသက်တာခရီးကို ဆက်လက်လျှောက်သွားစဉ်တွင် ဝိညာဉ်တော်နှင့်အတူ လျှောက်လှမ်းခြင်းသည် ပိုမို၍ ခက်ခဲလာပြီး မလွယ်ကူသည်ကို တွေ့ကြုံရသည်။ ကမ္ဘာပေါ်ရှိ ဆိုးရွားခြင်းနှင့် ဒုက္ခဆင်းရဲခံစား ရသည့်အတိုင်းအတာနှင့် တွေ့မြင်ရသော လိုအပ်မှုများကြောင့် ဖြည့်ဆည်းလွမ်းမိုးမှုကို တွေ့ကြုံခံစားရသည်။ သို့သော်လည်း တစ်ချိန်တည်းမှာပင် လွန်ခဲ့သောအချိန်တွင် လုပ်ဆောင်ရန် အတွက် မြင်မက်ခဲ့ဖူးသည့် အရာထက် ကျော်လွန်၍ လုပ်ဆောင် ကြရသည့် အချိန်မျိုးလည်းရှိသည်။ ကြီးမားသော လိုအပ်မှုများနှင့်တွေ့ကြုံနေရသည့် အချိန်တွင် မိမိတို့မလုပ်ဆောင်နိုင်သည့် အရာကို မစဉ်းစားဘဲ လုပ်ဆောင်နိုင်သော အရာကိုသာ စိတ်အာရုံထဲ ထားရှိရမည်။ သို့မဟုတ် အရေးကြီးဆုံးအရာဖြစ်သည့် ကျွန်ုပ်တို့အားဖြင့် ဘုရားသခင် လုပ်ဆောင်နိုင်သော အမှုကို အာရုံစိုက်ရမည်။ (အခန်း ၇)

၈။ အပြစ်နှင့် ကျေးဇူးတော်ကို လေးလေးနက်နက်ထားပါ။ ဝိညာဉ်တော် ဦးဆောင်သော အသက်တာ၏ တားဆီးပိတ်ပင်မှုသည် ကျွန်ုပ်တို့တွေ့ကြုံနေရသော ကျွန်ုပ်တို့ကို ဆိုင်ပြိုင်တိုက်လှန်နေသောတန်ခိုး၊ အားကိုးအားထားမဲ့ခြင်း သို့မဟုတ် လမ်းခရီးရှိ အခက်အခဲ နှောက်ယှက်မှုတို့ကြောင့် မဟုတ်ပါ။ ကျွန်တော်တို့ကို ခေါ်ထားသော ခေါ်ခြင်းကို ပြည့်စုံစေရန်အတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုသည် ခရစ်တော်ကို ဗဟိုပြုခြင်းနှင့် ဝိညာဉ်တော် ဦးဆောင်သည့် ချစ်ခြင်းမေတ္တာအသက်တာကို ပိတ်ဆို့ခြင်း သို့မဟုတ် ဆန့်ကျင်ဘက်ဖြစ်သည့် ကျွန်ုပ်တို့ အတွင်းထဲရှိ စိတ်နေသဘောထားများ လုပ်ဆောင်မှုများနှင့် အသက်တာရှိ အကျင့်စရိုက်များပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ထုံးတမ်းအစဉ်အလာရှိသည့် သမ္မာကျမ်းစကားနှင့်ပြောရ မည်ဆိုပါလျှင်၊ အပြစ်က ကျွန်ုပ်တို့ကို နောက်ပြန်ဆွဲပြီး ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် အလင်းတော်ကို ရောင်ပြန်ထင်ဟပ် စေရန်အတွက် ကြိုးပမ်းမှုများကို မှေးမှိန်အရှိန်လျော့ပါးစေသည်။ ကျွန်ုပ်တို့၏ တစ်ခုတည်းသော မျှော်လင့်ချက်သည် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဝိညာဉ်တော်၏ တန်ခိုးတော်ကို

ခါတိုင်းထက် ပို၍ရယူ ခံစားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသက်တာတွင်ရှိသော အမှောင်ထုရှိနေသည် ဆိုသည့် အမှန်တရားကို ရင်ဆိုင်နိုင်ရန် ဘုရားသခင်နှင့် အခြားသောသူများထံမှ ဝေးကွာစေသော ကိုယ်ကျင့်တရား၊ ဝိညာဉ်ရေးရာနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စများကို ထိန်းချုပ်ပေးနိုင်သော တန်ခိုးကို အကူအညီ တောင်းခံကြရမည်။ ကျွန်တော်တို့၏အပြစ်များ မည်မျှပင် ကြီးမားကျယ်ဝန်းပါစေ၊ နာကျင်မှုဒုက္ခများရှိနေပါစေ၊ မေးခွန်းများ ရှုပ်ထွေးပါစေ၊ စိတ်အလိုဆန္ဒများ မပြည့်ဝမှုများက ကျွန်ုပ်တို့ကို မည်မျှလုံးပါးပါးစေ ပါစေ၊ ရှေ့ဆက်ရမည့်အရာမှာ ဝိညာဉ်တော် အထံတော်ပါးတွင် တိုးဝင်ချဉ်းကပ်ခြင်းဖြစ်ပြီး ဘုရားသခင်ထံမှ ထွက်ပြေးရန်မဟုတ်ပါ။ အဟန့်အတားများကို ချိုးဖျက်ပြီး သန့်ရှင်းသော ချစ်ခြင်းမေတ္တာတော်ထဲ စီးမျောနေရန်အတွက် အပြစ်ကို အလေးအနက်ထားပြီး ဘုရားသခင်၏ ကျေးဇူးတော်ကို သာ၍ အလေးနက်ထားရမည်။ (အခန်း ၈)

၉။ ဘုရားသခင်ကို ယုံကြည်စိတ်ချ။ ဝိညာဉ်တော်နှင့်အတူ လျှောက်လှမ်းခြင်းကို ရယူခြင်းနှင့် သန့်ရှင်းသော ချစ်ခြင်းမေတ္တာတော်ထဲ စီးမျောအသက်ရှင်သည့် အသက်တာတွင် ပိုမို၍ သက်တောင့်သက်သာရှိပြီး ယုံကြည်စိတ်ချမှုများ ရှိလာပြီး ခရစ်တော်ကို အစေခံရာတွင် စိန်ခေါ်မှုနှင့်အခွင့်အရေးများ ပိုမိုများပြား လာသည်နှင့်အမျှ ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်းကို ရယူခြင်း အသက်တာကိုလည်း အတတ်နိုင်ဆုံး ထိန်းထားရမည်။ ဝိညာဉ်တော်နှင့်အတူ လျှောက်လှမ်းသည့် အသက်တာတွင် အဓိကလိုအပ်ချက်မှာ နေ့စဉ်နေ့တိုင်း ဘုရားသခင်အပေါ် ယုံကြည်ကိုးစားခြင်းကို ထိန်းသိမ်းစောင့်လျှောက်ခြင်း ဖြစ်သည်။ ကျွန်တော်တို့၏ အသက်တာတွင် ဘုရားသခင်ကထားရှိသော ရည်ရွယ်ချက်များနှင့်ကိုက်ညီအောင် နည်းလမ်းပေါင်းစုံနှင့်လုပ်ဆောင်သည့် စိတ်နှလုံးထဲတွင် ချစ်ခြင်းမေတ္တာတော်ကို သွန်းလောင်းပြီး မျှော်လင့်ခြင်းကို ပေးသောစိတ်ဝိညာဉ်ထဲ အသက်ကို မှုတ်သွင်းပေးသည့် ဘုရားသခင်၏ လုပ်ဆောင်မှုကို အားကိုးအားထားပြုရမည်။ အသက်တာတွင် တွေ့မြင်နေရသော နိမိတ်များအရိပ်အခြည်များနှင့် ပတ်သက်၍ စိတ်ချမှုမရှိသော အချိန်မျိုးတွင်လည်း ဝိညာဉ်တော်က လမ်းပြပို့ဆောင် ပေးမည်ကို ယုံကြည်စိတ်ချထားရမည်။ ယုံကြည်ခြင်းဖြင့်၊ ရှုပ်ထွေးပြီး ဆိုးရွားသော ဤကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်သည် အမှုပြုလျက် နေသည်ကို တွေ့မြင်သည့် အစွမ်းကို တိုးမြင့်၍ ကျွန်ုပ်တို့၏ အသက်တာကို အစီစဉ်တကျ တည်ဆောက်ကြရမည်။ ခေါ်ထားခြင်းအမှုအရာသည် ပို၍ ခက်ခဲထိတ်လန့် တုန်လှုပ်စရာ ကောင်းသော်လည်း နောက်ဆုတ်သွားခြင်း မပြုရပါ။ ဘုရားသခင်၌ ယုံကြည်ခြင်း အပေါ်တည်ဆောက်ထားသည့် ကျွန်ုပ်တို့၏ မိမိကိုယ်ကို ယုံကြည်ခြင်းဖြင့် ရဲဝံ့စွာဖြင့် ရှေ့သို့ဆက်လှမ်းကြရမည်။ (အခန်း ၉)

၁၀။ ယုံကြည်ခြင်းကို ဆွဲကိုထားပါ။ ဝိညာဉ်တော်၏ ခေါ်ခြင်းကို အလေးအနက် ထားခြင်းကို အသက်တာ၏ လမ်းခရီးတစ်ခုကဲ့သို့ အသက်ရှင်လျှောက်လှမ်းပြီး၊ ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့၏ အမြင့်ဆုံးသော ဦးစားပေးမှုအဖြစ် လုပ်ဆောင်သတ်မှတ်သောအခါ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို စုံစမ်းစစ်ဆေးခြင်းကို ခံရမည်။ ဝိညာဉ်တော် ဦးဆောင်သည့် အသက်တာ၌ အသက်ရှင်ခြင်းသည် မိမိတို့ မထင်မှတ်ထားသော နေရာများ သို့မဟုတ် သွားနိုင်မည်ဟု မမျှော်လင့်ခဲ့ဖူးသည့် နေရာများသို့ ပို့ဆောင်မည်။ ထိုသို့ဖြစ်ရခြင်းမှာ ချစ်ခြင်းမေတ္တာ၏ တိုက်တွန်းမှုကြောင့် ထိုအရပ်များဆီသို့သွားရန် ဖြစ်လာစေသည်။ ပို၍ ထိတ်လန့်တုန်လှုပ် စရာဖြစ်လာလေ သို့မဟုတ် တစ်နည်းတစ်ဖုံအားဖြင့် ခြိမ်းခြောက်မှုကို ခံစားရလေ ပို၍ ချီတုံချတုံဖြစ်လျှက် မိမိကိုယ်ကို များစွာသော မေးစရာမေးခွန်းများ ရှိလာလိမ့်မည်။ ဘေးကင်းလုံခြုံမှု ရှိသလား၊ ဘုရားသခင်သည် အမှန်ပင် ဤအရာများမှ ကျော်လွှားကယ်နုတ်မည်လား စွန့်စားရကျိုးနပ်မည်လား။

ချီတုံချတုံဖြစ်ခြင်းနှင့် ကြောက်ရွံ့မှုများကြား ဝိညာဉ်တော် ဦးဆောင် သောလမ်းခရီးတွင် ဆက်လက် လျှောက်လှမ်း သွားနိုင်ရန်အတွက် ဘုရားသခင်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက် မချရသေးသော မေးခွန်းများကို ကိုင်တွယ် ဆုံးဖြတ်ဖြေရှင်းမှုရှိရမည်။ မကြာခင်မှာပင် ဘုရားသခင်၏ ကောင်းမြတ်ခြင်း၊ အားကိုးစိတ်ချရခြင်း အကြောင်းနှင့် ကျွန်တော်တို့၏ ဘဝအသက်တာများနှင့် တစ်ကမ္ဘာလုံးတွင် ဘုရားသခင်၏ ဝင်ရောက်ပတ်သက်နေမှု များကိုနားမလည်ဘဲ ခံစားရမည်။ ကျွန်တော် တို့နှင့် အခြားသူတို့၏ ဒုက္ခခံစားမှုများက ဒေါသ၊ ထိတ်လန့်ခြင်း သို့မဟုတ် ကြောက်ရွံ့ခြင်းတို့ကို လှုံ့ဆော်ဖြစ်စေမည်။ ဘုရားသခင်သည် ကျွန်တော်တို့ အ တွက်ဖြစ်ပြီး ကောင်းသော အရာများကို မည်သို့မည်ပုံဖြင့် ပြုလုပ်ပြင်ဆင်ပေးမည် ဆိုသည်ကို တိတိကျကျမသိသော်လည်း ဘုရားရှင်သည် ကျွန်တော်တို့အတွက် လုပ်ဆောင်ပေးသော ဘုရားဖြစ်သည်ကို ကိုးစားယုံကြည်သည့် ယုံကြည်ခြင်းကို ခိုင်ခန့်စေရမည်။ (အခန်း၁၀)

၁၁။ သင်လိုအပ်သော အကူအညီကို တောင်းပါ။ လေးလေးနက်နက် ရှာဖွေလေ ပို၍ ဝေးဝေးသွားရလေ၊ ခရစ်တော်ကို ပိုမိုကျစ်လစ်သော နည်းလမ်းဖြင့် အစေခံရန် ယုံကြည်ခြင်းဖြင့် ခြေလှမ်းလှမ်းလေ ဘုရားရှင်က ကျွန်တော်တို့၏အသက်တာအတွက် ထားရှိသည့် အလိုဆန္ဒအား မိမိတို့၏ အစွမ်းအစ၊ ပညာနှင့် ပြည့်စုံစေရန် မဖြစ်နိုင်မှန်း ပိုသိလာလေဖြစ်သည်။ ဤအရာကို နှစ်ပေါင်းများစွာကပင် ဦးနှောက်အသိဉာဏ်အားဖြင့် ယုံကြည်လက်ခံသိရှိခဲ့ပါလိမ့်မည်။ သို့သော် ရင်ဆိုင်တွေ့ကြုံရသောအရာက ကျွန်တော်တို့၏ ဘဝခရီးတစ်လျှောက်တွင် အမှန်တကယ်ပင်လျှင်

ဘုရားရှင်၏ ကျေးဇူးတော်နှင့် တန်ခိုးတော်ကို လိုအပ်ကြောင်း ထင်ရှားစေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ လိုအပ်သော အကူအညီအတွက် တောင်းလျှောက်ရပါမည်။ ထိုတောင်းလျှောက်သော အရာသည် ပညာ၊ သဘောပေါက်နားလည်ခြင်း၊ ရဲရင့်ခြင်း၊ နောင်တရတတ်သည့် အင်အား၊ ခွန်အား၊ ဒုက္ခရောက်သောအခါ နှစ်သိမ့်မှု၊ ထောက်ပံ့မှုနှင့် အခြားလိုအပ်သောအရာများ သာလျှင်ဖြစ်ပါစေ။ ကျွန်ုပ်တို့ အသက်ရှုသည့်အခါတိုင်း ဆုတောင်း တတ်ရန်အတွက် သင်ယူကြရပါမည်။ မည်သည့်အရာအတွက် ဖြစ်ပါစေ ကျွန်ုပ်တို့၏ ခေါ်ခံထားရခြင်းကို လုပ်ဆောင်နိုင်ရန်အတွက် အချိန်တိုင်း အခြေအနေတိုင်း အရာရာတိုင်းအတွက် ဝိညာဉ်တော်ထံ ချဉ်းကပ်ကြရမည်။ ကျွန်ုပ်တို့အတွက် အားကိုအားထားပြုစရာ ရှိသမျှတို့ကို မိမိတို့ဘက်မှ လက်ဦးမှုယူပြီး ရယူကြရမည်။ (အခန်း ၁၁)

၁၂။ "ဟုတ်ကဲ့" ထူးသည့် အသက်တာကို လက်တွေ့ အသက်ရှင်လိုက်ပါ။ နောက်ဆုံးအနေဖြင့် ဘုရားသခင်အား "ဟုတ်ကဲ့" ထူးခြင်းသည် တစ်ကြိမ်တစ်ခါ သို့မဟုတ် အခြေအနေအရ ထူးရမည့် အရာမဟုတ်ပါ။ "ဟုတ်ကဲ့" ထူးခြင်းသည် အသက်ရှင်နေထိုင်မှု လမ်းစဉ် တစ်ခုဖြစ်သည်။ ၎င်းသည် စိတ်နှလုံးထဲမှ တုံ့ပြန်ချက်တစ်ခုဖြစ်ပြီး၊ အလိုဆန္ဒကို ဆက်ကပ်အပ်နှံခြင်းနှင့် အသိစိတ်၏ သဘောထားတစ်ခုဖြစ်သည်။ အတွင်းထဲမှ ယုံကြည်ခံယူချက်ဖြစ်ပြီး ၎င်းအရာက ဝိညာဉ်ရေးရာ၌ အသက်ရှင်စေပြီး ဝိညာဉ်တော်၏ မည်သို့သော ဦးဆောင်မှုကိုမဆို လိုက်လျှောက်ရန်အတွက် အသင့်ပြင်စေသည်။ ကျွန်ုပ်တို့၏ အမြဲတမ်း ထားရှိသည့် ပန်းတိုင်မှာ ဝိညာဉ်တော် ဦးဆောင်သည့် ဘုရားသခင်၏ ကျွန်တို့သည် ခရစ်တော်ကို ဗဟိုပြုသည့် နေရာအရပ်တွင် ရောက်ရှိရန်ဖြစ်ပြီး မိမိသည် မည်သူမည်ဝါဖြစ်ခြင်းကို အသိစိတ်များတွင်သာ မဟုတ်ဘဲ အသက်မွေးဝမ်းကြောင်းမှုပြုသည့် နေရာနှင့် အသက်တာ ကဏ္ဍအသီးသီးတွင် ပိုတိုး၍ သိရှိလာခြင်းဖြစ်သည်။(အခန်း ၁၂)

## ထိုအရာအားလုံးသည် ချစ်ခြင်းမေတ္တာ အကြောင်းဖြစ်သည်

နောက်ဆုံးတွင် ခရစ်တော် ဗဟိုပြု၍ ဝိညာဉ်တော် ဦးဆောင်သော ဘုရား၏ အစေခံကျွန်အဖြစ် ဘုရားရှင်နှင့် သာ၍ ကောင်းမွန်သော ပေါင်းသင်းဆက်ဆံခြင်းကို တိုးတက်ဖွံ့ဖြိုးစေရာတွင် သန့်ရှင်းသော ချစ်ခြင်းမေတ္တာတော်၌သာ ပို၍ စီးမျှောခြင်း အသက်ရှင်ရန်ဖြစ်လာသည်။ ဤအရာသည် တစ်ဦးချင်းကို ဘုရားရှင်က ခေါ်ရာတွင်သော်လည်းကောင်း အသင်းတော် အနေဖြင့် သို့မဟုတ် မည်သည့်ခရစ်ယာန် အသိုင်းအဝိုင်း ကိုမဆို ခေါ်ရာတွင် သော်လည်းကောင်း မှန်ကန်သောအရာဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်က ကမ္ဘာမြေကြီးနှင့် ဆက်စပ်ရာတွင် အဓိကအသုံးပြုသော အရာဖြစ်ပြီး၊ ကျွန်ုပ်တို့ကို အသွင်ပြောင်းလဲစေရာတွင် အသုံးပြုသော အဓိက အရာလည်းဖြစ်သည်။

ယေဘုယျအားဖြင့် ချစ်ခြင်းမေတ္တာသည် ဘုရားသခင်မှ အစပြုပြီး ကမ္ဘာမြေကြီး ပေါ်သို့ စီးဆင်းသည်။ ထိုမေတ္တာတော်သည် ရှေးဦးစွာ ယေရှုခရစ်တော်၏ အသက်ရှင် ခြင်းနှင့် သေခြင်းတို့တွင် အထူးသဖြင့် ထင်ရှားဖော်ပြထားပြီး ယုံကြည်သူ တစ်ဦးချင်းတို့ ၏ စိတ်နှလုံးကို ထိုမေတ္တာနှင့် ပြည့်ဝစေသည်။ ထို မေတ္တာတော်သည် ကျွန်တော်တို့ အားဖြင့် အခြားတစ်ဦးချင်းပေါ်သို့ ရောင်ပြန်ဟပ်စေသည်။ ဝိညာဉ်တော်၏ ဦးဆောင်မှုကို ခံသော သူတို့သည် ဘုရားသခင်၏ မေတ္တာနှင့်ဂရုဏာတော်ကို မွေ့လျော်ခံစားကြပြီး၊ အခြားသူတို့ အပေါ် ဘုရားရှင်၏ မေတ္တာရေစီးဆင်းရာ လမ်းကြောင်းအဖြစ် အစေခံကြသည်။ ဝိညာဉ် ရေးရာ ဖွံ့ဖြိုးတိုး တက်ခြင်းဆိုသည်မှာ ဘုရားရှင်၏မေတ္တာတော်ကို လေးလေးနက် နက် နားလည်သဘော ပေါက်ခြင်းဖြစ်ပြီး ထိုဘုရား၏ မေတ္တာတော်ကို ကျွန်ုပ်တို့၏ နေ့စဉ် အသက်ရှင်သည့် အသက်တာ အခြေအနေများတွင် အခြားသောသူ များကို ပိုမိုပြည့်ဝ ကြွယ်ဝစွာ ပေးကမ်း ဝေငှခြင်းဖြစ်သည်။

ရှင်ယောဟန်၏ (၁ယော ၄း၇-၈)တွင် အဓိပ္ပါယ် ဖွင့်ဆိုချက်အရ သန့်ရှင်းသော ချစ်ခြင်းမေတ္တာတော်၌ စီးမျောခြင်းအမှု၌ ပါဝင်ပတ်သက်နေသောသူသည် ခရစ်ယာန်တစ် ယောက်ဖြစ်ခြင်းပင်ဖြစ်သည်။ ထိုနေရာသည်  သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံ ရန်အတွက် ဝိညာဉ်တော်က ဦးဆောင်သည့်အခါ အစပြုသည့် နေရာဖြစ်ပြီး ချစ်ခြင်း မေတ္တာတော်သည် ကျွန်ုပ်တို့ ရှေ့ဆက်ရမည့် ခရီးလမ်းကို အမှတ်အသား ပြုပေးသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ ပေါက်ဖွားလာကြပြီး ထိုချစ်ခြင်းမေတ္တာ အားဖြင့် ပြန်လည် မွေးဖွားခြင်းကို ခံကာ တစ်နေထက်တစ်နေ့ ပို၍ ချစ်ခြင်းမေတ္တာ ပါရှိ သော အသက်တာတွင် အသက်ရှင်ရန် ခေါ်ခြင်းကို ခံထားကြရသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ တစ်ကိုယ်ကောင်း အတ္တဆန်ခြင်းနှင့် ရွေးနုတ်ပြောင်းလဲခြင်း မခံရသေးသော ပင်ကိုယ်စရိုက်များနှင့် လောကနည်းလမ်းများတွင် ကျင်လည်နေခြင်းကြောင့် တစ်ယောက် မျှ ထိုအရာကို စင်းလုံးချော ကျင့်ဆောင်နိုင်သောသူမရှိပါ။ သို့သော်၊ ဘုရားသခင်၏ မေတ္တာတော်သည် ကျွန်ုပ်တို့အား ခေါ်ခြင်း၏ အစနှင့်အဆုံးဖြစ်သည်။

တမန်တော် ရှင်ပေါလုက ဧဖက်အသင်းတော်ရှိ ခရစ်ယာန်များအတွက် ဆုတောင်း ရာတွင် ခရစ်တော်ကို ဗဟိုပြုပြီး ဝိညာဉ်တော် ဦးဆောင်၍ ဘုရားသခင်နှင့် ပေါင်း သင်းဆက်ဆံသော ရုပ်ပုံတစ်ရပ်ကို ထင်ရှားအောင် ဖော်ဆောင်ထားသည်။ ထိုသို့ သော အသက်တာသည် ပို၍ ဘုရားသခင်ကို ကြည်ညိုသော အသက်တာဖြစ်လာပြီး ဘုရားနှင့် ပြည့်ဝသောကြောင့် ချစ်ခြင်းမေတ္တာနှင့်လည်း ပြည့်ဝကာ နက်နဲသော ထိုချစ်ခြင်းမေတ္တာ၌ အမြစ်တွယ်ပြီး အစေခံရာတွင် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ် ဖြစ်သည်။ ထို့ ကြောင့် တမန်တော်၏ ဆုတောင်းချက်သည် ဤစာအုပ်ကို ဖတ်ရှုနေသော သင့်အတွက် ကျွန်ုပ်၏ ဆုတောင်းချက်လည်းဖြစ်သည်။

*ဆုတောင်းသော အချက်ဟူမူကား၊ ဝိညာဉ်တော်အားဖြင့် သင်တို့၏ အတွင်းလူကို ခွန်အားနှင့် မြဲမြံခိုင်ခန့်စေ၍၊ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏ စိတ်နှလုံးအထဲ၌ ကျိန်းဝပ်တော်မူမည်အကြောင်း၊ ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့် ညီလျော်စွာသင်တို့အား ပေးသနားတော်မူ၍၊ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်းရှိသဖြင့်၊ သင်တို့သည် သန့်ရှင်းသူအပေါင်း၏ နည်းတူ၊ အနံ့အလျား အနက်အမြင့်တို့ကို ပိုင်းခြား၍ သိစေခြင်း ငှါဧင်း၊ ကိုယ်ဉာဏ်နှင့် မသိနိုင်သော ခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငှါ ဧင်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူ ခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း၊ ငါသည်ဆုတောင်းလေ့ရှိ၏။*

*ဧဖက် ၃း၁၆-၁၉*